မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၃၅ ] ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက် ( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် ) } သောကြာနေ့ [ အတွဲ ၆၆

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၆၃/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အငြိမ်းစားပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၈ နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၆ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ယနေ့မှစ၍ အငြိမ်းစားပေးလိုက်သည် -

(၁) ဦးသန်းထိုက်<br>ညွှန်ကြားရေးမှူးချုပ်<br>စက်မှုစီမံကိန်းဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန

(၂) ဦးဝင်းမြင့်<br>ညွှန်ကြားရေးမှူးချုပ်<br>စက်မှုညွှန်ကြားရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန

(၃) ဦးခင်မောင်ဇော်<br>ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်စွမ်းအားဦးစီးဌာန<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(ပုံ) သိန်းစိန်<br>နိုင်ငံတော်သမ္မတ<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ် ၂၉/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် )

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

| | | |
|---|---|---|
| (၁) | ဦးကျော်ကျော်မောင် | ဥက္ကဋ္ဌ |
| (၂) | ဦးသန်းညိန်း | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒေါ်ခင်စောဦး | ဒုတိယဥက္ကဋ္ဌ |

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ် ၃၀/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် )

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌအဖြစ် ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်အရ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်အား မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ် ၃၁/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက် )

**ဒုတိယဝန်ကြီးများ ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ဖော်ပြပါ ဒုတိယဝန်ကြီးများအား ယှဉ်တွဲပါ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးတွင် ပြောင်းလဲတာဝန်ပေးလိုက်သည် -

(၁) ဦးဇင်ယော် ပို့ဆောင်ရေးဝန်ကြီးဌာန

(၂) ဦးမြင့်ဇော် စွမ်းအင်ဝန်ကြီးဌာန

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၆၆/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၈ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|
| (က) ဦးထွေးလှ | ညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| (ခ) ဦးသန်းထွန်း | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လေကြောင်း<br>ပို့ဆောင်ရေးဝန်ကြီးဌာန |

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး** |
|---|---|
| | **ရာထူး၊ ဌာန** |
| (ဂ) ဦးကျော်ဆန်း | ညွှန်ကြားရေးမှူးချုပ် |
| | ပြည်ထောင်စုရှေ့နေချုပ်ရုံး |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစံလွင်အား ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၁၃)

၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက် )

## တာဝန်မှ အနားယူခွင့်ပြုခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၁) ဖြင့် ဖွဲ့စည်းခန့်အပ်တာဝန်ပေးထားသော နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့များမှ ဥပဒေအကြံပေးအဖွဲ့ အဖွဲ့ဝင် ဦးသန်းကျော်အား ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှစ၍ တာဝန်မှ အနားယူခွင့်ပြုလိုက်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက် )

**တာဝန်မှ အနားယူခွင့်ပြုခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၁) ဖြင့် ဖွဲ့စည်းခန့်အပ်တာဝန်ပေးထားသော နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့များမှ နိုင်ငံရေးအကြံပေးအဖွဲ့ အဖွဲ့ဝင် ဦးရဲတင့်အား တာဝန်မှ အနားယူခွင့်ပြုလိုက်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက် )

**နိုင်ငံတော်သမ္မတ၏အကြံပေးအဖွဲ့ အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၁) ဖြင့် ဖွဲ့စည်းခန့်အပ်တာဝန်ပေးထားသော နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့များတွင် အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲဖော်ပြပါ အကြံပေးအဖွဲ့ အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

(၁) ဒေါက်တာအောင်ထွန်းသက် — စီးပွားရေးအကြံပေးအဖွဲ့
(၂) ဒေါက်တာဇော်ဦး — စီးပွားရေးအကြံပေးအဖွဲ့
(၃) ဦးဉာဏ်နိုင်ဝင်း — ဥပဒေအကြံပေးအဖွဲ့

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက် )

## မြန်မာသမိုင်းအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့မှ ၂၀၁၀ ခုနှစ်၊ မေလ ၃ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၁၀ ဖြင့် ဖွဲ့စည်းခဲ့သည့် မြန်မာသမိုင်းအဖွဲ့ကို အောက်ဖော်ပြပါအတိုင်း ပြန်လည်ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးသန်းဆွေ<br>ဒုတိယဝန်ကြီး<br>ယဉ်ကျေးမှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒေါက်တာတိုးလှ | အဖွဲ့ဝင် |
| (ဃ) | ဒေါ်အုန်းကြည် | အဖွဲ့ဝင် |
| (င) | ဦးသိန်းလှိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးကျော်ငြိမ်း<br>ညွှန်ကြားရေးမှူး (ငြိမ်း)<br>သမိုင်းသုတေသနဦးစီးဌာန<br>ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးကျော်<br>ပါမောက္ခ၊ ဌာနမှူး (ငြိမ်း)<br>သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးမြဟန်<br>ညွှန်ကြားရေးမှူး (ငြိမ်း)<br>တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒေါက်တာကျော်ဝင်း<br>ပါမောက္ခ၊ ဌာနမှူး (ငြိမ်း)<br>သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

(ည) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
သမိုင်းသုတေသနဦးစီးဌာန
ယဉ်ကျေးမှုဝန်ကြီးဌာန

## အချိန်ပိုင်းအဖွဲ့ဝင်များ

(က) ဒေါက်တာသော်ကောင်း — အဖွဲ့ဝင်

(ခ) ဒေါက်တာခင်မောင်ညွန့် — အဖွဲ့ဝင်

(ဂ) ဦးစိုင်းအောင်ထွန်း — အဖွဲ့ဝင်

(ဃ) ဦးထွန်းအောင်ချိန် — အဖွဲ့ဝင်

(င) ဒေါ်ခင်လှဟန် — အဖွဲ့ဝင်

(စ) ဦးစိန်မောင်ဦး — အဖွဲ့ဝင်
ရှေးဟောင်းသုတေသနပညာရှင်

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)
ပညာရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်
စာကြည့်တိုက်ဦးစီးဌာန
ယဉ်ကျေးမှုဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(ည) ပါမောက္ခ၊ ဌာနမှူး — အဖွဲ့ဝင်
သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်
ပညာရေးဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အမျိုးသားစာကြည့်တိုက်
ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်
စာကြည့်တိုက်ဦးစီးဌာန
ယဉ်ကျေးမှုဝန်ကြီးဌာန

(ဌ) ဦးစံဝင်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)
သမိုင်းသုတေသနဦးစီးဌာန
ယဉ်ကျေးမှုဝန်ကြီးဌာန

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် )

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၀ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့တွင် ဝက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်က အဆိုတင်သွင်းပြီး မြစ်ကြီးနားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်က ထောက်ခံဆွေးနွေးခဲ့သော "၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးကော်မတီ သို့မဟုတ် ကော်မရှင်ကို ဖွဲ့စည်းဆောင်ရွက်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းကြောင်း" အဆိုအား လွှတ်တော်၏ သဘောတူညီချက်အရ လက်ခံဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၂။ **ဖွဲ့စည်းခြင်း။** အဆိုပါဆုံးဖြတ်ချက်အရ ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၃၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေနှင့် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၉ တို့နှင့်အညီ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေတူညီစွာပါဝင်သည့် **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီ"** ကို အောက်ပါအတိုင်း ကော်မတီဝင် (၁၀၉) ဦးဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ဥက္ကဋ္ဌ — ဒုတိယနာယက<br>ပြည်ထောင်စုလွှတ်တော်

(ခ) ဒုတိယဥက္ကဋ္ဌ — ဒုတိယဥက္ကဋ္ဌ<br>ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော်

(ဂ) **အဖွဲ့ဝင်များ**

| | | |
|---|---|---|
| (၁) | သူရဦးအေးမြင့် | ဝက်လက်မဲဆန္ဒနယ်၊ |
| (၂) | ဦးသိန်းဇော် | မြစ်ကြီးနားမဲဆန္ဒနယ်၊ |
| (၃) | ဦးသိန်းဆွေ | အမ်းမဲဆန္ဒနယ်၊ |
| (၄) | သူရဦးအောင်ကို | ကန့်ပက်လက်မဲဆန္ဒနယ်၊ |
| (၅) | ဦးစိုးနိုင် | ဖျာပုံမဲဆန္ဒနယ်၊ |
| (၆) | ဦးတီခွန်မြတ် | ကွတ်ခိုင်မဲဆန္ဒနယ်၊ |
| (၇) | ဦးခမိုင်မုန်ကွမ် (ခ) ခမိုင်တန် | ဆွမ်ပရာဘွမ်မဲဆန္ဒနယ်၊ |
| (၈) | ဦးစိုးရယ် | ဒီမောဆိုမဲဆန္ဒနယ်၊ |
| (၉) | ဦးစောထွန်းမြခေါင်လွင် | ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်၊ |
| (၁၀) | ဦးလှထွန်း (ခန္တီး) | ခန္တီးမဲဆန္ဒနယ်၊ |
| (၁၁) | ဦးစောလှထွန်း | ချောင်းဦးမဲဆန္ဒနယ်၊ |
| (၁၂) | ဦးဝင်းဦး | ရေဖြူမဲဆန္ဒနယ်၊ |
| (၁၃) | ဦးမောင်တိုး | မင်းလှမဲဆန္ဒနယ်၊ |

| | | |
|---|---|---|
| (၁၄) | ဒေါက်တာဒေါ်အေးမြင့် | ရွှေတောင်မဲဆန္ဒနယ်၊ |
| (၁၅) | ဦးခင်မောင်ညို | ပေါက်မဲဆန္ဒနယ်၊ |
| (၁၆) | ဦးအေးမောက် | မလှိုင်မဲဆန္ဒနယ်၊ |
| (၁၇) | ဦးလှမြင့်ဦး | ပျဉ်းမနားမဲဆန္ဒနယ်၊ |
| (၁၈) | ဒေါက်တာစိုးမိုးအောင် | ဘီးလင်းမဲဆန္ဒနယ်၊ |
| (၁၉) | ဦးကြည်သာ | ဂွမဲဆန္ဒနယ်၊ |
| (၂၀) | ဒေါက်တာစိုးရင် | ကမာရွတ်မဲဆန္ဒနယ်၊ |
| (၂၁) | ဒေါ်လဲ့လဲ့ဝင်းဆွေ | တာမွေမဲဆန္ဒနယ်၊ |
| (၂၂) | ဦးစတီဖန် | ကျိုင်းတုံမဲဆန္ဒနယ်၊ |
| (၂၃) | ဦးအောင်မြသန်း | ညောင်တုန်းမဲဆန္ဒနယ်၊ |
| (၂၄) | ဦးဝင်းမြင့် | ပုသိမ်မဲဆန္ဒနယ်၊ |
| (၂၅) | ဒေါ်ခင်ငွေးကြွယ် | မော်လမြိုင်မဲဆန္ဒနယ်၊ |
| (၂၆) | ဒေါက်တာဇော်မြင့်မောင် | ကျောက်ပန်းတောင်းမဲဆန္ဒနယ်၊ |
| (၂၇) | ဦးခင်မောင်ဝင်း | လမ်းမတော်မဲဆန္ဒနယ်၊ |
| (၂၈) | ဒေါက်တာအောင်မိုးညို | ပွင့်ဖြူမဲဆန္ဒနယ်၊ |
| (၂၉) | ဦးစိုင်းကျော်အုန်း | နမ့်ခမ်းမဲဆန္ဒနယ်၊ |
| (၃၀) | ဦးစိုင်းဘိုးအောင် | မူဆယ်မဲဆန္ဒနယ်၊ |
| (၃၁) | ဦးဉာဏ်ဆွေဝင်း | ကျောက်ကြီးမဲဆန္ဒနယ်၊ |
| (၃၂) | ဦးသောင်း | မော်လိုက်မဲဆန္ဒနယ်၊ |
| (၃၃) | ဦးထွန်းအောင်ကျော် | ပုဏ္ဏားကျွန်းမဲဆန္ဒနယ်၊ |
| (၃၄) | ဒေါ်နန်းစေအွာ | ဘားအံမဲဆန္ဒနယ်၊ |
| (၃၅) | ဦးခွန်မောင်သောင်း | ပင်လောင်းမဲဆန္ဒနယ်၊ |
| (၃၆) | ဦးစိုးဝင်း | စမ်းချောင်းမဲဆန္ဒနယ်၊ |
| (၃၇) | ဦးကြည်မြင့် | လသာမဲဆန္ဒနယ်၊ |
| (၃၈) | ဒေါက်တာသန်းဝင်း | မြောက်ဥက္ကလာပမဲဆန္ဒနယ်၊ |
| (၃၉) | ဦးအောင်သိန်း | ရွာငံမဲဆန္ဒနယ်၊ |
| (၄၀) | ဒေါ်ဒွဲဘူ | အင်ဂျန်းယန်မဲဆန္ဒနယ်၊ |
| (၄၁) | ဦးသိန်းညွန့် | သယ်န်းကျွန်းမဲဆန္ဒနယ်၊ |
| (၄၂) | ဦးဝင်းဆွေ | ညောင်ရွှေမဲဆန္ဒနယ်၊ |
| (၄၃) | ဗိုလ်မှူးကြီးတင်စန်းနိုင် | ရကတ၊ |
| (၄၄) | ဗိုလ်မှူးကြီးမောင်မောင် | နပတ၊ |
| (၄၅) | ဗိုလ်မှူးကြီးသန်းထွဋ်သိန်း | စရခ/ကက (ကြည်း)၊ |
| (၄၆) | ဗိုလ်မှူးကြီးကျော်ရွှေ | ရမခ၊ |
| (၄၇) | ဗိုလ်မှူးကြီးဝင်းနိုင် | တတက (၆)၊ |
| (၄၈) | ဗိုလ်မှူးကြီးခင်မောင်ထွန်း | တတက (၁၃)၊ |
| (၄၉) | ဗိုလ်မှူးကြီးနေလင်း | ဥစတ၊ |
| (၅၀) | ဒုတိယဗိုလ်မှူးကြီးကျော်မြင့် | နပခ၊ |

| | | |
|---|---|---|
| (၅၁) | ဒုတိယဗိုလ်မှူးကြီးကျော်ကျော်လင်း | စတသ၊ |
| (၅၂) | ဒုတိယဗိုလ်မှူးကြီးကျော်ကျော် | မရခ၊ |
| (၅၃) | ဒုတိယဗိုလ်မှူးကြီးစိုးနိုင် | ရဗစ (၂)၊ |
| (၅၄) | ဒုတိယဗိုလ်မှူးကြီးခင်မြင့် | တလခ/ကက (လေ)၊ |
| (၅၅) | ဦးအောင်ထွန်း | မကွေးတိုင်းဒေသကြီး၊ အမှတ် (၁၁) မဲဆန္ဒနယ်၊ |
| (၅၆) | ဦးဇော်မြင့်ဖေ | မန္တလေးတိုင်းဒေသကြီး၊ အမှတ် (၅) မဲဆန္ဒနယ်၊ |
| (၅၇) | ဦးဖေသောင်း | ကချင်ပြည်နယ်၊ အမှတ် (၆) မဲဆန္ဒနယ်၊ |
| (၅၈) | ဒေါ်နော်မေးရီယန် | ကယားပြည်နယ်၊ အမှတ် (၄) မဲဆန္ဒနယ်၊ |
| (၅၉) | ဒေါ်နန်းနီနီအေး | ကရင်ပြည်နယ်၊ အမှတ် (၆) မဲဆန္ဒနယ်၊ |
| (၆၀) | ဦးဆွန်ဒုတ်ကျင့် | ချင်းပြည်နယ်၊ အမှတ် (၆) မဲဆန္ဒနယ်၊ |
| (၆၁) | ဦးနိန်းခင်းပေါင် | ချင်းပြည်နယ်၊ အမှတ် (၇) မဲဆန္ဒနယ်၊ |
| (၆၂) | ဦးတင်မြ | စစ်ကိုင်းတိုင်းဒေသကြီး၊ အမှတ် (၇) မဲဆန္ဒနယ်၊ |
| (၆၃) | ဦးထွန်းမြင့် | စစ်ကိုင်းတိုင်းဒေသကြီး၊ အမှတ် (၆) မဲဆန္ဒနယ်၊ |
| (၆၄) | ဦးသန်းမြင့် | တနင်္သာရီတိုင်းဒေသကြီး၊ အမှတ် (၁၀) မဲဆန္ဒနယ်၊ |
| (၆၅) | ဦးမြင့်ထွန်း | ပဲခူးတိုင်းဒေသကြီး၊ အမှတ် (၁၀) မဲဆန္ဒနယ်၊ |
| (၆၆) | ဒေါက်တာမြဦး | ပဲခူးတိုင်းဒေသကြီး၊ အမှတ် (၉) မဲဆန္ဒနယ်၊ |
| (၆၇) | ဦးကြည်ထွန်း | မကွေးတိုင်းဒေသကြီး၊ အမှတ် (၁) မဲဆန္ဒနယ်၊ |
| (၆၈) | ဒေါက်တာစိုးထွန်း | မန္တလေးတိုင်းဒေသကြီး၊ အမှတ် (၁) မဲဆန္ဒနယ်၊ |
| (၆၉) | ဦးဝင်းမောင် | မန္တလေးတိုင်းဒေသကြီး၊ အမှတ် (၄) မဲဆန္ဒနယ်၊ |
| (၇၀) | ဦးခင်မောင်ငွေး | မန္တလေးတိုင်းဒေသကြီး၊ အမှတ် (၁၀) မဲဆန္ဒနယ်၊ |
| (၇၁) | ဒေါ်ရီရီမြင့် | မွန်ပြည်နယ်၊ အမှတ် (၁) မဲဆန္ဒနယ်၊ |
| (၇၂) | ဦးမင်းလွန်းအောင် | မွန်ပြည်နယ်၊ အမှတ် (၃) မဲဆန္ဒနယ်၊ |
| (၇၃) | ဦးမောင်အေးထွန်း | ရခိုင်ပြည်နယ်၊ အမှတ် (၉) မဲဆန္ဒနယ်၊ |
| (၇၄) | ဦးညွန့်တင် | ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် (၂) မဲဆန္ဒနယ်၊ |
| (၇၅) | ဒေါက်တာမြင့်ကြည် | ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် (၈) မဲဆန္ဒနယ်၊ |
| (၇၆) | ဦးဉာဏ်လင်း | ရှမ်းပြည်နယ်၊ အမှတ် (၁) မဲဆန္ဒနယ်၊ |
| (၇၇) | ဦးရှုမောင် | ရှမ်းပြည်နယ်၊ အမှတ် (၈) မဲဆန္ဒနယ်၊ |
| (၇၈) | ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် | ရှမ်းပြည်နယ်၊ အမှတ် (၆) မဲဆန္ဒနယ်၊ |
| (၇၉) | ဦးခင်မောင်ရီ | ဧရာဝတီတိုင်းဒေသကြီး၊ အမှတ် (၆) မဲဆန္ဒနယ်၊ |
| (၈၀) | ဒေါက်တာငွေးနိုင် | ဧရာဝတီတိုင်းဒေသကြီး၊ အမှတ် (၇) မဲဆန္ဒနယ်၊ |
| (၈၁) | ဦးဉာဏ်လင်း | ဧရာဝတီတိုင်းဒေသကြီး၊ အမှတ် (၃) မဲဆန္ဒနယ်၊ |
| (၈၂) | ဒေါက်တာမြတ်ဉာဏစိုး | ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် (၄) မဲဆန္ဒနယ်၊ |
| (၈၃) | ဦးအောင်ကြည်ညွန့် | မကွေးတိုင်းဒေသကြီး၊ အမှတ် (၄) မဲဆန္ဒနယ်၊ |
| (၈၄) | ဦးစိုင်းကျော်ဇောသန်း | ရှမ်းပြည်နယ်၊ အမှတ် (၂) မဲဆန္ဒနယ်၊ |
| (၈၅) | ဦးစိုင်းစံမင်း | ရှမ်းပြည်နယ်၊ အမှတ် (၃) မဲဆန္ဒနယ်၊ |
| (၈၆) | ဦးဘရန်ရှောင် | ကချင်ပြည်နယ်၊ အမှတ် (၃) မဲဆန္ဒနယ်၊ |
| (၈၇) | ဒေါက်တာအေးမောင် | ရခိုင်ပြည်နယ်၊ အမှတ် (၁) မဲဆန္ဒနယ်၊ |

| | | |
|---|---|---|
| (၈၈) | ဒေါက်တာဗညားအောင်မိုး | မွန်ပြည်နယ်၊ အမှတ် (၇) မဲဆန္ဒနယ်၊ |
| (၈၉) | ဦးဇုန်လှယ်ထန်း | ချင်းပြည်နယ်၊ အမှတ် (၂) မဲဆန္ဒနယ်၊ |
| (၉၀) | ဦးစတီဗင်သာဘိတ် | ချင်းပြည်နယ်၊ အမှတ် (၄) မဲဆန္ဒနယ်၊ |
| (၉၁) | ဦးဆိုင်ပေါင်းနပ် | ရှမ်းပြည်နယ်၊ အမှတ် (၁၂) မဲဆန္ဒနယ်၊ |
| (၉၂) | ဦးစောတော်ပလဲ | ကရင်ပြည်နယ်၊ အမှတ် (၇) မဲဆန္ဒနယ်၊ |
| (၉၃) | ဦးထွန်းကျော် | ရှမ်းပြည်နယ်၊ အမှတ် (၁၀) မဲဆန္ဒနယ်၊ |
| (၉၄) | ဦးမန်းအောင်တင်မြင့် | ကရင်ပြည်နယ်၊ အမှတ် (၁၂) မဲဆန္ဒနယ်၊ |
| (၉၅) | ဗိုလ်မှူးကြီးခင်မောင်အေး | နမခ၊ |
| (၉၆) | ဗိုလ်မှူးကြီးအောင်ကျော် | တသခ၊ |
| (၉၇) | ဗိုလ်မှူးကြီးသက်ထွန်းအောင် | ရလခ၊ |
| (၉၈) | ဗိုလ်မှူးကြီးဝင်းလွင်ဦး | တတက (၁၀)၊ |
| (၉၉) | ဗိုလ်မှူးကြီးလှဝင်းအောင် | ဥစတ၊ |
| (၁၀၀) | ဗိုလ်မှူးကြီးသန်းထိုက် | ဥစတ၊ |
| (၁၀၁) | ဒုတိယဗိုလ်မှူးကြီးလှိုင်ဝင်း | တခရ (ဘုရင့်နောင်)၊ |
| (၁၀၂) | ဒုတိယဗိုလ်မှူးကြီးမျိုးသစ်ဦး | ကပစ (၂၄)၊ |
| (၁၀၃) | ဗိုလ်မှူးမောင်မောင်ကြီး | တတက (၁၄)၊ |
| (၁၀၄) | ဗိုလ်မှူးဇော်မြင့် | ပပန (နတ်မောက်)၊ |
| (၁၀၅) | ဗိုလ်မှူးခင်မောင်ချို | တစသ (၁၂)၊ |
| (၁၀၆) | ဗိုလ်မှူးတိုးမင်းထွန်း | ထပရ (၉၂၉)၊ |
| (၁၀၇) | ဗိုလ်မှူးအောင်မြင့်ဟန် | ဝတရ (၃)၊ |

(ဃ) အတွင်းရေးမှူး — ဥက္ကဋ္ဌကရွေးချယ်သူ၊

(င) တွဲဖက်အတွင်းရေးမှူး — ဥက္ကဋ္ဌကရွေးချယ်သူ။

**စုစုပေါင်း — ၁၀၉ ဦး**

၃။ ဥက္ကဋ္ဌသည် အတွင်းရေးမှူးတစ်ဦးနှင့် တွဲဖက်အတွင်းရေးမှူးတစ်ဦးကို ပူးပေါင်းကော်မတီဝင်များ အနက်မှ ရွေးချယ်တာဝန်ပေးအပ်နိုင်သည်။

၄။ ပူးပေါင်းကော်မတီသည် ကော်မတီ၏ ဦးတည်ချက်များ၊ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ၊ လုပ်ထုံးလုပ်နည်းများ၊ ကော်မတီ၏သက်တမ်းတို့နှင့်စပ်လျဉ်း၍ မူကြမ်းကို အများသဘောတူညီချက်ဖြင့် စုပေါင်းရေးဆွဲပြီး ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူဆောင်ရွက်ရမည်။

၅။ ပူးပေါင်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ ကော်မတီအဖွဲ့ဝင်များ ပြောင်းလဲခန့်အပ်ခြင်း၊ အထက် အပိုဒ် (၄) ပါ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရေးဆွဲထားသော ကော်မတီ၏ဦးတည်ချက်များ၊ တာဝန်၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ၊ လုပ်ထုံးလုပ်နည်းများ၊ ကော်မတီ၏သက်တမ်းတို့ကို ပြင်ဆင်ရန် လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက် ရယူဆောင်ရွက်ရမည်။

၆။ ပူးပေါင်းကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာ သုံးသပ်ရာတွင် အောက်ပါ ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနအသီးသီးတို့ထံမှ အကြံဉာဏ်များ ရယူနိုင်သည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စားလှယ်၊

(ခ) နိုင်ငံတော်၏ တရားစီရင်ရေးအဖွဲ့အစည်းဖြစ်သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ကိုယ်စားလှယ်၊

(ဂ) တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၊

(ဃ) တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊

(င) တိုင်းရင်းသားရေးရာဝန်ကြီးများ၊

(စ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကိုယ်စားလှယ်များ၊

(ဆ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၁၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) အရ တိုင်းဒေသကြီး/ပြည်နယ်များတွင် ထိုတိုင်းဒေသကြီး/ပြည်နယ် ရရှိပြီးသော သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်များအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများအနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် နိုင်ငံတော်ရှိလူဦးရေစုစုပေါင်း၏ သုညဒသမတစ်ရာခိုင်နှုန်းနှင့်အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်ထားသော တိုင်းရင်းသားကိုယ်စားလှယ်များ၊

(ဇ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၇၆ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲငယ် (၁) အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသအတွင်း နေထိုင်ကြသည့် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသား လူမျိုးများအနက် လျော်ကန်သင့်မြတ်သောလူဦးရေဖြစ်သည့် လူဦးရေအနည်းဆုံး ၁၀၀၀၀ နှင့် အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊

(ဈ) လွှတ်တော်အတွင်း ရောက်ရှိခြင်းမရှိသေးသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊

(ည) ပြင်ပဥပဒေပညာရှင်များ၊

(ဋ) ပြည်သူများ။

(ပုံ) ခင်အောင်မြင့်
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်
( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် )

**အာဆီယံပါလီမန်များညီလာခံဆိုင်ရာပူးပေါင်းကော်မတီ**
**(Joint Committee on ASEAN Inter-Parliamentary Assembly) ဖွဲ့စည်းခြင်း**

**ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုလွှတ်တော်သည် အာဆီယံဒေသတွင်း လွှတ်တော်များနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်မှုများ ပိုမိုတိုးတက်စေရေးအတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၃ နှင့်အညီ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်သည့် **အာဆီယံ**

**ပါလီမန်များညီလာခံဆိုင်ရာပူးပေါင်းကော်မတီ (Joint Committee on ASEAN Inter-Parliamentary Assembly)** ကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ဒေါက်တာစိုးရင် | ကမာရွတ်မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (၂) | ဦးခင်မောင်ရီ | ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၆) | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးဝင်းမြင့် | ပုသိမ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၄) | ဒေါက်တာဒေါ်အေးမြင့် | ရွှေတောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၅) | ဦးမောင်ဦး | ဖောင်းပြင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၆) | ဒေါက်တာခင်မောင်ဆွေ | ကျောက်တံခါးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၇) | ဒေါက်တာစိုးမိုးအောင် | ဘီးလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၈) | ဦးအောင်ဆန်း | ပန်းဘဲတန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၉) | ဒေါ်မိမြင့်သန်း | ရေးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၀) | ဦးထွန်းအောင်ကျော် | ပုဏ္ဏားကျွန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၁) | ဒေါက်တာမြတ်ဉာဏစိုး | ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| (၁၂) | ဦးဇုန်လှယ်ထန်း | ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| (၁၃) | ဦးဖိုးဇော် | ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| (၁၄) | ဦးအောင်ကြည်ညွန့် | မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| (၁၅) | ဦးဇော်မြင့်ဖေ | မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၅) | အဖွဲ့ဝင် |
| (၁၆) | ဦးမျိုးမြင့် | မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| (၁၇) | ဒေါ်ရီရီမြင့် | မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| (၁၈) | ဦးမြင့်လှိုင် | ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁၂) | အဖွဲ့ဝင် |
| (၁၉) | ဦးညွန့်တင် | ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| (၂၀) | ဦးညွန့်လှိုင် | ဖြူးမဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ကော်မတီအဖွဲ့ဝင်ဦးရေကို တိုးခြင်း၊ လျှော့ခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်းများအတွက် နာယကသည် -

(က) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပသည့်ကာလဖြစ်ပါက လွှတ်တော်၏အတည်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

(ခ) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးရပ်နားထားစဉ်ကာလဖြစ်ပါက အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေးတွင် အတည်ပြုချက်ရယူဆောင်ရွက်နိုင်သည်။

**ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၃။ ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်ထောင်စုလွှတ်တော်နှင့် အာဆီယံပါလီမန်များညီလာခံ (AIPA) တို့အကြား ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း၊

(ခ) ပြည်ထောင်စုလွှတ်တော်နှင့် အာဆီယံပါလီမန်များညီလာခံအဖွဲ့ဝင် အာဆီယံဒေသတွင်း နိုင်ငံများ၏ လွှတ်တော်များ၊ အာဆီယံပါလီမန်များ ညီလာခံများအဖွဲ့ လေ့လာသူနိုင်ငံများ၏ လွှတ်တော်များအကြား ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း၊

(ဂ) ကော်မတီ၏လုပ်ငန်းများအတွက် လိုအပ်ပါက လွှတ်တော်ရုံးမှတစ်ဆင့် သက်ဆိုင်ရာအဖွဲ့အစည်း ဌာနများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း။

**ကော်မတီ၏သက်တမ်း**

၄။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်သတ်မှတ်သည်။

**အထွေထွေ**

၅။ ကော်မတီ၏ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝကို လွှတ်တော်ရုံးက တာဝန်ယူဆောင်ရွက်ပေးရမည်။

(ပုံ) ခင်အောင်မြင့်
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်

### အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်
( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် )

### နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာပူးပေါင်းကော်မတီ (Joint Committee on Inter-Parliamentary Union) ဖွဲ့စည်းခြင်း

**ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတကာလွှတ်တော်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်စေရေးအတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၃ နှင့်အညီ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်သည့် **နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီ (Joint Committee on Inter-Parliamentary Union)** ကို အောက်ပါလွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ဦးလှမြင့်ဦး | ပျဉ်းမနားမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (၂) | ဒေါက်တာမြဦး | ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၉) | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒေါ်ဇာတလဲမ်း | ထန်တလန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၄) | ဒေါ်ခင်စောဝေ | ရသေ့တောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၅) | ဒေါ်မိယဉ်ချမ်း | ကျိုက်မရောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၆) | ဦးညဏ်ဆွေဝင်း | ကျောက်ကြီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၇) | ဒေါက်တာဇော်မြင့်မောင် | ကျောက်ပန်းတောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၈) | ဒေါ်ဒွဲဘူ | အင်ဂျန်းယန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၉) | ဦးစောသိန်းအောင် | လှိုင်းဘွဲ့မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၀) | ဒေါက်တာစိုင်းကျော်အုန်း | နမ့်ခမ်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၁) | ဒေါက်တာစိုးဝင်း | မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၁၂) | ဦးဂျေယောဝှ | ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁၂) | အဖွဲ့ဝင် |
| (၁၃) | ဒေါ်နော်မေးရီယန် | ကယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| (၁၄) | ဦးဆလိုင်းခွဲယန် | ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁၂) | အဖွဲ့ဝင် |
| (၁၅) | ဦးရဲမြင့် | ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| (၁၆) | ဦးခင်မောင် (ခ) ဦးအောင်ကျော်ဦး | ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| (၁၇) | ဒေါ်ခင်ဝိုင်းကြည် | ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| (၁၈) | ဦးညွန့်တင် | ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| (၁၉) | ဦးဝင်းနောင် | ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၅) | အဖွဲ့ဝင် |
| (၂၀) | ဦးမောင်တိုး | မင်းလှမဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ကော်မတီအဖွဲ့ဝင်ဦးရေကို တိုးခြင်း၊ လျှော့ခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်းများအတွက် နာယကသည် -

(က) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပသည့်ကာလဖြစ်ပါက လွှတ်တော်၏အတည်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

(ခ) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးရပ်နားထားစဉ်ကာလဖြစ်ပါက အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေးတွင် အတည်ပြုချက်ရယူဆောင်ရွက်နိုင်သည်။

**ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၃။ ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်ထောင်စုလွှတ်တော်နှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU) တို့အကြား ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း၊

(ခ) ပြည်ထောင်စုလွှတ်တော်နှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU) အဖွဲ့ဝင်နိုင်ငံများ၏ လွှတ်တော်များအကြား ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း၊

(ဂ) ကော်မတီ၏လုပ်ငန်းများအတွက် လိုအပ်ပါက လွှတ်တော်ရုံးမှတစ်ဆင့် သက်ဆိုင်ရာအဖွဲ့အစည်း ဌာနများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း။

**ကော်မတီ၏သက်တမ်း**

၄။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်သတ်မှတ်သည်။

**အထွေထွေ**

၅။ ကော်မတီ၏ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝကို လွှတ်တော်ရုံးက တာဝန်ယူဆောင်ရွက်ပေးရမည်။

(ပုံ) ခင်အောင်မြင့်
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက် )

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ

**( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၃။ )**

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်း၊ သက်ဆိုင်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်များ

၁။ (က) ဤဥပဒေကို **အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့်နေ့ရက်မှ စတင်၍ အာဏာတည်စေရမည်။

၂။ ဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ပြည်တွင်းတွင် မည်သူမဆို ကျူးလွန်လျှင်ဖြစ်စေ၊ ပြည်ပတွင် မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံတွင် အမြဲတမ်းအခြေစိုက်နေထိုင်သူက ကျူးလွန်လျှင် ဖြစ်စေ ဤဥပဒေနှင့် သက်ဆိုင်စေရမည်။

၃။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေ ရမည် -

(က) **လာဘ်ပေးလာဘ်ယူမှု**ဆိုသည်မှာ လုပ်ပိုင်ခွင့်အာဏာရှိသူက ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ တစ်စုံတစ်ရာကိုပြုလုပ်ရန်၊ ဥပဒေနှင့်အညီ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန်၊ တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကို မမှန်မကန်ပိတ်ပင်ရန်သော်လည်းကောင်း၊ သက်ဆိုင်သူထံမှ တံစိုးလက်ဆောင်ကို မိမိအတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးဦးအတွက်သော်လည်းကောင်း၊ အဖွဲ့အစည်း အတွက်သော်လည်းကောင်း ပေးခြင်း၊ လက်ခံခြင်း၊ ရယူခြင်း၊ ရယူရန် အားထုတ်ခြင်း၊ ကမ်းလှမ်းခြင်း၊

ကတိပြုခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဆွေးနွေးခြင်းအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြုလုပ်ခြင်းကို ဆိုသည်။

(ခ) **တံစိုးလက်ဆောင်**ဆိုရာတွင် လာဘ်ပေးလာဘ်ယူမှုအလို့ငှာ အဖိုးစားနား သို့မဟုတ် ထိုက်သင့်သည့် တန်ဖိုးမပေးဘဲ လက်ခံခြင်း သို့မဟုတ် ပေးခြင်းပြုသော ငွေကြေး၊ ပစ္စည်း၊ လက်ဆောင်၊ ဝန်ဆောင်ခ၊ ဧည့်ခံပြုစုခြင်းနှင့် တရားမဝင်သောအခြားအကျိုးခံစားခွင့်များလည်း ပါဝင်သည်။

(ဂ) **လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်း**ဆိုသည်မှာ ရာထူးဆိုင်ရာလုပ်ပိုင်ခွင့်နှင့် တာဝန်များ ကျင့်သုံးဆောင်ရွက်ရာမှ လာဘ်ပေးလာဘ်ယူမှုဖြင့် ငွေကြေးနှင့်ပစ္စည်းများ တိုးပွားရရှိလာခြင်းကြောင့်သော်လည်းကောင်း၊ ပေးရန်တာဝန်များ လျှော့ချခြင်းကြောင့်သော်လည်းကောင်း၊ ငွေကြေးနှင့်ပစ္စည်းများကို မတရားရယူခြင်းကြောင့်သော်လည်းကောင်း ကြွယ်ဝချမ်းသာလာခြင်းကို ဆိုသည်။

(ဃ) **အများပြည်သူဆိုင်ရာအဖွဲ့အစည်း**ဆိုသည်မှာ ပြည်ထောင်စုအဆင့် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာပိုင်အဖွဲ့အစည်း တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အများပြည်သူ ပါဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်ကိုသော်လည်းကောင်း မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းသည့် အများပြည်သူနှင့်သက်ဆိုင်သော ကုမ္ပဏီတစ်ခုခုကိုသော်လည်းကောင်း ဆိုသည်။

(င) **ပြည်သူ့ဝန်ထမ်း**ဆိုသည်မှာ ခန့်အပ်ခံရသည်ဖြစ်စေ၊ ရွေးချယ်ခံရသည်ဖြစ်စေ၊ လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ရာထူးတစ်ခုခုတွင် တာဝန်ထမ်းဆောင်သော အမြဲတမ်း သို့မဟုတ် ယာယီဝန်ထမ်းကိုလည်းကောင်း၊ အများပြည်သူဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ လုပ်ငန်း အပါအဝင် အများပြည်သူဆိုင်ရာလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေသူကိုလည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြည်သူ့ဝန်ထမ်းဟု သတ်မှတ်ထားသူကိုလည်းကောင်း ဆိုသည်။

(စ) **ပြည်ပပြည်သူ့ဝန်ထမ်း**ဆိုသည်မှာ ပြည်ပနိုင်ငံတစ်ခုခု၏ ခန့်အပ်ခြင်းခံရသော သို့မဟုတ် ရွေးချယ်ခြင်းခံရသော ဥပဒေပြုရေး၊ အုပ်ချုပ်ရေး သို့မဟုတ် တရားစီရင်ရေးအရာရှိ၊ ပြည်ပနိုင်ငံတစ်ခု၏ လုပ်ငန်းတာဝန်တစ်ခုကို ဆောင်ရွက်ရန် ဖွဲ့စည်းထားသော ဘုတ်အဖွဲ့၊ ကော်မရှင်၊ ကော်ပိုရေးရှင်း သို့မဟုတ် အခြားအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်ထံတွင် အလုပ်လုပ်ကိုင်သူနှင့် အများပြည်သူနှင့်ဆိုင်သော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းက ယင်း၏ကိုယ်စား လုပ်ငန်းဆောင်ရွက်ရန် အခွင့်အာဏာပေးအပ်ထားသူကို ဆိုသည်။

(ဆ) **နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ**ဆိုသည်မှာ ကော်မရှင်က ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နိုင်ငံရေးရာထူးလက်ရှိဖြစ်သူဟု အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကြေညာခြင်းခံရသူကို ဆိုသည်။

(ဇ) **အဆင့်မြင့်အရာရှိ**ဆိုသည်မှာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ဝန်ထမ်းအကြီးအမှူးအဖြစ် တာဝန်ထမ်းဆောင်သော ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူး သို့မဟုတ် ယင်းနှင့် အလားတူ ရာထူးအဆင့်ရှိသူကိုသော်လည်းကောင်း၊ နိုင်ငံတော်ပိုင် သို့မဟုတ် နိုင်ငံတော်နှင့် ပုဂ္ဂလိကဖက်စပ်ပိုင်ကုမ္ပဏီ၊ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု၏ ဒါရိုက်တာအဖွဲ့ဝင်၊ ဘုတ်အဖွဲ့ဝင်၊ ကော်မတီဝင် သို့မဟုတ် ယင်းနှင့်အလားတူ ရာထူးအဆင့်ရှိသူကိုသော်လည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါရာထူးတစ်ခုခု၌ ခေတ္တတာဝန်ထမ်းဆောင်သူလည်း ပါဝင်သည်။

(ဈ) **လုပ်ပိုင်ခွင့်အာဏာရှိသူ**ဆိုသည်မှာ ရာထူးတာဝန်အရဖြစ်စေ၊ စီရင်ပိုင်ခွင့် သို့မဟုတ် စီမံခန့်ခွဲပိုင်ခွင့်အရဖြစ်စေ လုပ်ပိုင်ခွင့်အာဏာရှိသော ပြည်သူ့ဝန်ထမ်း၊ ပြည်ပပြည်သူ့ဝန်ထမ်း၊ နိုင်ငံရေးရာထူး

လက်ရှိဖြစ်သူ၊ အဆင့်မြင့်အရာရှိ သို့မဟုတ် အများပြည်သူဆိုင်ရာအဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသူ သို့မဟုတ် ကိုယ်စားလှယ်ကို ဆိုသည်။

(ည) **ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ**ဆိုသည်မှာ ငွေချေးလုပ်ငန်းများ၊ ချေးငွေနှင့် ပြည်သူ့ကြွေးမြီဆိုင်ရာစာချုပ်စာတမ်းများ၊ ငွေချေးသက်သေခံလက်မှတ်များ သို့မဟုတ် အခြားခွင့်ပြုထားသည့် ငွေရေးကြေးရေးဆိုင်ရာဆောင်ရွက်ချက်များတွင် ယင်းအဖွဲ့အစည်းက ရင်းနှီးမြှုပ်နှံမှုပြုရန် ငွေရေးကြေးရေးအရင်းအမြစ်များကို အခြားပုဂ္ဂိုလ်များထံမှ စုစည်းလျက် ငွေကြေး သို့မဟုတ် အရင်းအနှီးဈေးကွက်များတွင် ကြားဝင်ပေါင်းစပ်ဆောင်ရွက်ပေးရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရဖြစ်စေ၊ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ နိုင်ငံတော်အတွင်း တည်ထောင်ထားသည့် အဖွဲ့အစည်းများကို ဆိုသည်။

(ဋ) **ဘဏ်လုပ်ငန်းဆိုင်ရာစာအုပ်စာတမ်း**ဆိုရာတွင် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများတွင် အသုံးပြုသော လယ်ဂျာ၊ ဘဏ်နေ့စဉ်လုပ်ငန်းစာအုပ်၊ ရငွေစာအုပ်၊ စာရင်းစာအုပ်နှင့် ဘဏ်လုပ်ငန်းတွင် အသုံးပြုသော အခြားစာအုပ်နှင့် စာတမ်းအမှတ်အသားများ၊ ကွန်ပျူတာစာရင်းအင်းမှတ်တမ်းများ ပါဝင်သည်။

(ဌ) **ငွေကြေး**ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ဝေထားသည့် တရားဝင်ငွေဒင်္ဂါး၊ ငွေအကြွေနှင့် ငွေစက္ကူများ၊ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများဖြစ်သည့် ငွေပေးကတိစာချုပ်များ၊ ငွေလွှဲလက်မှတ်များ၊ ချက်လက်မှတ်များ၊ ငွေချေးစာချုပ်များ၊ ငွေတိုက်စာချုပ်များ၊ ကြွေးမြီအာမခံစာချုပ်များနှင့် နိုင်ငံခြားသုံးငွေများ၊ နိုင်ငံခြားသုံးငွေများနှင့် ဆက်စပ်နေသော စာချုပ်စာတမ်းတစ်မျိုးမျိုး သို့မဟုတ် လက်မှတ်များကို ဆိုသည်။

(ဍ) **ပစ္စည်း**ဆိုသည်မှာ မည်သည့်ပုံစံဖြင့်မဆို ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိတွေ့၍ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းကိုသော်လည်းကောင်း၊ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကိုသော်လည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် ပစ္စည်းနှင့်စပ်လျဉ်းသည့် အကျိုးအမြတ်၊ အခွင့်အရေးနှင့် ပိုင်ဆိုင်ခွင့်များလည်း ပါဝင်သည်။

(ဎ) **ကိုယ်စားလှယ်**ဆိုသည်မှာ အခြားသူတစ်ဦးဦးအတွက် အလုပ်လုပ်ကိုင်ပေးသူ သို့မဟုတ် ဆောင်ရွက်ပေးသူကို ဆိုသည်။

(ဏ) **နစ်နာသူ**ဆိုသည်မှာ သူတစ်ဦးဦးက လာဘ်ပေးလာဘ်ယူမှုကျူးလွန်ခြင်းကြောင့် ထိခိုက်နစ်နာသူကို ဆိုသည်။

(တ) **ကော်မရှင်**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကော်မရှင်ကို ဆိုသည်။

(ထ) **ကော်မရှင်ရုံး**ဆိုသည်မှာ လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က ဤဥပဒေအရ သတ်မှတ်ဖွဲ့စည်းသောရုံးကို ဆိုသည်။

(ဒ) **ပဏာမစိစစ်ရေးအဖွဲ့**ဆိုသည်မှာ လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာမှုကြောင့် တိုးပွားလာသည့် ငွေကြေးနှင့်ပစ္စည်းများနှင့်စပ်လျဉ်း၍ အရေးယူရာတွင်လည်းကောင်း၊ ငွေကြေးနှင့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက်သာ ပဏာမစစ်ဆေးပြီး တင်ပြစေရန် ကော်မရှင်က ဖွဲ့စည်းပေးသည့်အဖွဲ့ကို ဆိုသည်။

(ဓ) **စုံစမ်းစစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ ကော်မရှင်က ဤဥပဒေအရ ဖွဲ့စည်းသော သက်ဆိုင်ရာလာဘ်ပေးလာဘ်ယူမှုစုံစမ်းစစ်ဆေးရေးအဖွဲ့တို့ကို ဆိုသည်။

(န) **စစ်ဆေးရေးမှူးချုပ်**ဆိုသည်မှာ ကော်မရှင်ရုံး၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

( ပ ) **စစ်ဆေးရေးမှူး**ဆိုသည်မှာ ကော်မရှင်ရုံး၊ စစ်ဆေးရေးမှူးချုပ်၏ လက်အောက်ရှိ တာဝန်ခံ ပြည်သူ့ဝန်ထမ်းအဆင့်ဆင့်ကို ဆိုသည်။

( ဖ ) **ဤဥပဒေအရ ပြစ်မှု**ဆိုသည်မှာ ဤဥပဒေအရ ပြစ်မှုတစ်ခုခုကို ကျူးလွန်၍ တစ်စုံတစ်ရာ ပူးပေါင်းကြံစည်မှု သို့တည်းမဟုတ် အားထုတ်မှု သို့တည်းမဟုတ် အားပေးကူညီမှုများ ပါဝင်သည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရန်၊

( ခ ) သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းစေရန်၊

( ဂ ) အများပြည်သူဆိုင်ရာအုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မားတိုးတက်လာစေရန်၊

(ဃ) လာဘ်ပေးလာဘ်ယူမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးအတွက် အကာအကွယ်ပေးရန်၊

( င ) လာဘ်ပေးလာဘ်ယူမှုကျူးလွန်သူများအား ထိရောက်စွာအရေးယူရန်၊

( စ ) တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများ၌ ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်။

## အခန်း (၃)
## ကော်မရှင် ဖွဲ့စည်းခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

**ကော်မရှင် ဖွဲ့စည်းခြင်း**

၅။ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသည့် အဖွဲ့ဝင် ၅ ဦးစီကို ရွေးချယ်ရမည်။

၆။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်နှင့်အညီ မိမိတို့ ရွေးချယ်ထားသည့် အဖွဲ့ဝင်များ၏အမည်စာရင်းကို နိုင်ငံတော်သမ္မတထံ ပေးပို့ရမည်။

၇။ (က) နိုင်ငံတော်သမ္မတသည် ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ရွေးချယ်ထားသည့် အဖွဲ့ဝင် စုစုပေါင်း ၁၅ ဦး၏အမည်စာရင်းကိုလည်းကောင်း၊ ထိုအဖွဲ့ဝင်များထဲမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအဖြစ် ရွေးချယ်ခန့်အပ်ရန် အဖွဲ့ဝင်နှစ်ဦး၏အမည်များကိုလည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီး သဘောတူညီချက်ရယူ၍ ကော်မရှင်ကို ဖွဲ့စည်းရမည်။ ကော်မရှင်အဖွဲ့ဝင်၏ အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတက အမည်စာရင်းတင်သွင်းသည့် ပုဂ္ဂိုလ်အား ကော်မရှင်အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရ။

( ခ ) ကော်မရှင်သည် နိုင်ငံတော်သမ္မတကို တာဝန်ခံရမည်။

၈။ (က) ကော်မရှင်နှင့် ကော်မရှင်၏သက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏သက်တမ်း အတိုင်း ဖြစ်သည်။

( ခ ) ကော်မရှင်သည် ကော်မရှင်အဖွဲ့အသစ်ကို ဖွဲ့စည်းခန့်အပ်တာဝန်ပေးပြီးသည့်အချိန်အထိ မိမိ၏လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်ရမည်။

(ဂ) ကော်မရှင်အဖွဲ့ဝင်များသည် သက်တမ်းနှစ်ခုထက် ပိုမိုတာဝန်ထမ်းဆောင်ခွင့်မရှိစေရ။

၉။ ကော်မရှင်အဖွဲ့ဝင်အသီးသီးသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် -

(က) မြန်မာနိုင်ငံသားဖြစ်သူ၊

(ခ) အသက် ၄၅ နှစ်ပြည့်ပြီး အသက် ၇၀ နှစ်ထက်မကြီးသူ၊

(ဂ) နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မိမိ ရွေးချယ်ပေးခွင့်ရှိသူများသည် တည်ကြည်ဖြောင့်မတ်ပြီး သမာသမတ်ရှိသူအဖြစ် ယူဆခြင်းခံရသူ။

၁၀။ အောက်ပါ အချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်သူအား ကော်မရှင်အဖွဲ့ဝင်အဖြစ် ရွေးချယ်တာဝန်ပေးအပ်ခြင်း မပြုရ -

(က) ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာတာဝန်ထမ်းဆောင်နေသူဖြစ်ခြင်း၊

(ခ) တည်ဆဲဥပဒေတစ်ခုခုအရ စိတ်ပေါ့သွပ်သူဟု သတ်မှတ်ခံရခြင်း၊

(ဂ) သာသနာ့ဝန်ထမ်းဖြစ်ခြင်း၊

(ဃ) တရားရုံးတစ်ရုံးရုံး၏ အမိန့်အရ ထောင်ဒဏ်ကျခံနေရသူဖြစ်ခြင်း၊

(င) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆန္ဒမဲပေးခွင့်နှင့် ရွေးချယ်ခံပိုင်ခွင့်မရှိသူဟု သတ်မှတ်ခံထားရသူဖြစ်ခြင်း၊

(စ) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခြင်းခံထားရသူဖြစ်ခြင်း၊

(ဆ) လာဘ်ပေးလာဘ်ယူမှုဖြင့် အရေးယူခံရခြင်း သို့မဟုတ် ရာထူးတစ်ခုခုမှ ထုတ်ပယ်ခြင်း သို့မဟုတ် ရာထူးတစ်ခုခုမှ ထုတ်ပစ်ခြင်းခံထားရသူဖြစ်ခြင်း။

၁၁။ ကော်မရှင်အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူသည် -

(က) အစိုးရလစာ၊ စရိတ်နှင့် ချီးမြှင့်ငွေတစ်မျိုးမျိုးရရှိသည့် ရာထူး သို့မဟုတ် တာဝန်တစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသူ မဖြစ်စေရ၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရ၏စီးပွားရေးလုပ်ငန်း၊ ဘုတ်၊ ကော်ပိုရေးရှင်း၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၏ အရာထမ်း၊ အမှုထမ်း မဖြစ်စေရ၊

(ဂ) အစုစပ်လုပ်ငန်း၊ ကုမ္ပဏီ သို့မဟုတ် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သည့် အဖွဲ့အစည်းတွင် အကျိုးအမြတ် သို့မဟုတ် ဝင်ငွေခွဲဝေရယူရန် လုပ်ကိုင်ခြင်းမပြုရ သို့မဟုတ် တစ်စုံတစ်ဦး၏ဝန်ထမ်း မဖြစ်စေရ။

၁၂။ ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးသည် အောက်ပါ အကြောင်းအရာတစ်ခုခုဖြစ်ပေါ်သည့်အခါ ကော်မရှင်အဖွဲ့ဝင်အဖြစ်မှ ရပ်စဲစေရမည် -

(က) ကွယ်လွန်ခြင်း၊

(ခ) ကော်မရှင်၏သက်တမ်းကုန်ဆုံးခြင်း၊

(ဂ) မိမိ၏ဆန္ဒအလျောက်နုတ်ထွက်ခြင်း၊

(ဃ) ပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ ပါ အချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်ကြောင်း ပေါ်ပေါက်ခြင်း၊

(င) ဥပဒေအရ သတ်မှတ်သောဆေးအဖွဲ့၏ စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါးသည် ထာဝစဉ်ချို့ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင်ရန် သင့်လျော်မှုမရှိကြောင်း တွေ့ရခြင်း၊

(စ) တရားရုံးတစ်ရုံးရုံး၏ အမိန့်အရ ထောင်ဒဏ် ကျခံရခြင်း။

၁၃။ ကော်မရှင်အဖွဲ့ဝင်များသည် ကော်မရှင်တွင် တာဝန်ပေးအပ်ခြင်းခံရသည့်အခါတွင် မိမိတို့ ဦးစီးသည့် တစ်စီးပွားတည်းဖြစ်သော မိသားစုပိုင်ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များကို တန်ဖိုးနှင့်တကွ စာရင်းပြုစုပြီး နိုင်ငံတော်သမ္မတထံ ပေးပို့ရမည်။

၁၄။ နိုင်ငံတော်သမ္မတသည် ကော်မရှင်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပဏာမစိစစ်ရေးအဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် ခံစားခွင့်များကို သတ်မှတ်ပေးခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်း ပြုနိုင်သည်။

**တာဝန်မှရပ်စဲခြင်း**

၁၅။ နိုင်ငံတော်သမ္မတသည် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးက တာဝန်ထမ်းဆောင်ရာတွင် ဥပဒေနှင့်မညီဘဲ ဆောင်ရွက်ကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ ကော်မရှင်၏ဂုဏ်သိက္ခာကို ထိခိုက်စေသောအခြေအနေတစ်ရပ်ရပ်ရှိလျှင်ဖြစ်စေ ယင်းကော်မရှင်အဖွဲ့ဝင်ကို ရွေးချယ်ပေးသောပုဂ္ဂိုလ်၏ သဘောတူညီချက်ဖြင့် တာဝန်မှရပ်စဲနိုင်သည်။

**ကော်မရှင်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၁၆။ ကော်မရှင်၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ ယင်းအဖွဲ့များအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရန် လုပ်ငန်းကော်မတီများ၊ လုပ်ငန်းအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊ လိုအပ်ပါက အဆိုပါလုပ်ငန်းကော်မတီနှင့် အဖွဲ့တစ်ခုခုကို ကော်မရှင်၏လုပ်ငန်းတာဝန်များ လွှဲအပ်တာဝန်ပေးခြင်း၊ ယင်းလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) စစ်ဆေးရေးမှူးချုပ် ခန့်အပ်ရန် နိုင်ငံတော်သမ္မတထံ အကြံပြုတင်ပြခြင်း၊

(ဃ) လာဘ်ပေးလာဘ်ယူမှုများကို စုံစမ်းစစ်ဆေးဖော်ထုတ်ရန်ကိစ္စနှင့်စပ်လျဉ်း၍ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တို့အား စုံစမ်းစစ်ဆေးစေပြီး တွေ့ရှိချက်အစီရင်ခံစာကို တင်ပြစေခြင်း၊

(င) လာဘ်ပေးလာဘ်ယူမှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ထံ တင်ပြခြင်း၊

(စ) ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များ စာရင်းပြုစုတင်ပြရမည့် လုပ်ပိုင်ခွင့်အာဏာရှိသူ အမျိုးအစားနှင့် ရာထူး၊ တာဝန်အဆင့် သတ်မှတ်ခြင်း၊

(ဆ) လုပ်ပိုင်ခွင့်အာဏာရှိသူကတင်ပြသော ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များ မှန်ကန်မှု ရှိ/မရှိ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးစေခြင်း၊

(ဇ) နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ထံ သတ်မှတ်ချက်များနှင့်အညီ တင်ပြခြင်း၊

(ဈ) လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများက လုပ်ငန်းအစီအစဉ်များ၊ စီမံချက်များရေးဆွဲရာတွင် အကြံဉာဏ်ပေးခြင်း၊

(ည) လာဘ်ပေးလာဘ်ယူမှုတားဆီးကာကွယ်ရေး၊ လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ ရိုးသားဖြောင့်မတ်သည့် စိတ်ဓာတ်ကို ပိုမိုမြှင့်တင်ရေးနှင့် လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးတို့တွင် ပြည်သူအများ ပါဝင်နိုင်ရေးအတွက် သင့်လျော်သောအစီအမံများ ချမှတ်၍ ဆောင်ရွက်ခြင်း၊

(ဋ) လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးဌာန၊ အဖွဲ့အစည်းများ၏ အရာထမ်း၊ အမှုထမ်းများအား ကော်မရှင်၏လုပ်ငန်းတာဝန်များကို လိုအပ်ပါက သက်ဆိုင်ရာ၏ခွင့်ပြုချက်ဖြင့် တာဝန်ပေးဆောင်ရွက်စေခြင်း၊

(ဌ) တိုင်ကြားစာများကို စိစစ်၍ လက်ခံခြင်း၊ မမှန်မကန်တိုင်ကြားကြောင်း စိစစ်တွေ့ရှိသည့် တိုင်ကြားစာများကို ပယ်ချခြင်းနှင့် မမှန်မကန်တိုင်ကြားသူကို ဥပဒေအရ အရေးယူခြင်း၊

(ဍ) လာဘ်ပေးလာဘ်ယူမှုနှင့်စပ်လျဉ်း၍ အဆောက်အအုံနေရာတစ်ခုခုအတွင်းသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးမှူးများအား တာဝန်ပေးအပ်ခြင်း၊

(ဎ) လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဏ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ပေးအပ်သည့် အခြားတာဝန်များ ဆောင်ရွက်ခြင်း။

၁၇။ ကော်မရှင်၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာမှု သို့မဟုတ် လာဘ်ပေးလာဘ်ယူမှုနှင့်သက်ဆိုင်သော ငွေကြေးနှင့် ပစ္စည်းတစ်စုံတစ်ရာကို သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းရန် ညွှန်ကြားခြင်း၊ သိမ်းဆည်းထားသော သက်သေခံပစ္စည်းကို ခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်ထားရန် ခွင့်ပြုသည့် အမိန့်ချမှတ်ခြင်း၊ ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(ခ) စုံစမ်းစစ်ဆေးရေးအဖွဲ့က သက်ဆိုင်ရာဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများရှိ စုံစမ်းစစ်ဆေးသောကိစ္စနှင့်သက်ဆိုင်သည့် ငွေကြေးနှင့်ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် ရှာဖွေသိမ်းဆည်းခွင့်၊ ငွေရေးကြေးရေးဆိုင်ရာမှတ်တမ်းများ စစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်၊ လိုအပ်ပါက သက်သေခံပစ္စည်းအဖြစ် ရှာဖွေသိမ်းဆည်းခွင့်ပြုရန် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား အမိန့်ထုတ်ဆင့်ခြင်း၊

(ဂ) ဤဥပဒေအရ စုံစမ်းစစ်ဆေးနေသည့်ကာလအတွင်း သက်သေခံအဖြစ် အသုံးပြုနိုင်သည့် ငွေကြေးနှင့်ပစ္စည်းများကို ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ အသွင်ပြောင်းလဲခြင်းမပြုရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပုဂ္ဂိုလ်များအား တားမြစ်မိန့်ထုတ်ဆင့်ခြင်း၊ ချိပ်ပိတ်ထားရန် ညွှန်ကြားခြင်း၊

(ဃ) ပုဒ်မခွဲ (ခ) အရ ထုတ်ဆင့်သည့်အမိန့်ကိုလည်းကောင်း၊ ပုဒ်မခွဲ (ဂ) အရ ထုတ်ဆင့်သည့် တားမြစ်မိန့်နှင့် ချိပ်ပိတ်ထားရန် ညွှန်ကြားချက်တို့ကိုလည်းကောင်း ရုပ်သိမ်းခြင်း၊

(င) ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့်အကူအညီများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် သင့်လျော်သည့် ပုဂ္ဂိုလ်များထံမှ ရယူဆောင်ရွက်ခြင်း၊

(စ) ဤဥပဒေအရ ဖွဲ့စည်းသည့် ပဏာမစိစစ်ရေးအဖွဲ့၊ လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့များက ဆင့်ဆို၍ လာရောက်သည့် သက်သေများအတွက် သက်သေစရိတ်နှင့် ခရီးစရိတ်တို့ကို တည်ဆဲဥပဒေနှင့်အညီ ထုတ်ပေးခြင်း၊

(ဆ) စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် စုံစမ်းစစ်ဆေးရေးမှူးအား -

(၁) ဤဥပဒေအရ ပြစ်မှုတစ်ခုခုကို လုပ်ပိုင်ခွင့်အာဏာရှိသူက ကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တွင် တရားစွဲဆိုစေခြင်း၊

(၂) ဤဥပဒေအရ ပြစ်မှုတစ်ခုခုကို လုပ်ပိုင်ခွင့်အာဏာရှိသူမှအပ အခြားသူတစ်ဦးဦးက ကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား သက်ဆိုင်ရာစီရင်ပိုင်ခွင့်ရှိသည့် တရားရုံးတွင် တရားစွဲဆိုစေခြင်း။

(ဇ) ပဏာမစိစစ်ရေးအဖွဲ့၏တင်ပြချက်ကို ထပ်မံစိစစ်ပြီးနောက် လုပ်ပိုင်ခွင့်အာဏာရှိသူတစ်ဦးဦး၏ ငွေကြေးနှင့်ပစ္စည်းများမှာ လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာမှုဖြစ်ကြောင်း တွေ့ရှိပါက ထိုသူပိုင်ဆိုင်သော ငွေကြေးနှင့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် အမိန့်ချမှတ်ခြင်း၊

(ဈ) လာဘ်ပေးလာဘ်ယူမှုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာမှုနှင့် စပ်လျဉ်း၍ဖြစ်စေ ခိုင်လုံသောအထောက်အထားဖြင့် သတင်းပေးသည့်အတွက် ဖော်ထုတ်အရေးယူနိုင်သည့်ကိစ္စတွင် သတင်းပေးသူအား လိုအပ်သောအကာအကွယ်ပေးခြင်းနှင့် သတ်မှတ်သော ဆုငွေ ချီးမြှင့်ခြင်း။

**တရားစွဲဆိုခြင်း**

၁၈။ ကော်မရှင်သည် စုံစမ်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအရဖြစ်စေ၊ ရရှိသော အခြားခိုင်လုံသည့် သတင်းအချက်အလက်အရဖြစ်စေ -

(က) လုပ်ပိုင်ခွင့်အာဏာရှိသူတစ်ဦးဦးက လာဘ်ပေးလာဘ်ယူမှုကျူးလွန်ကြောင်း တွေ့ရှိသည့်အခါ ထိုသူအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ တရားစွဲဆိုနိုင်ရေးအတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့ခေါင်းဆောင် သို့မဟုတ် စစ်ဆေးရေးမှူးချုပ်အား ညွှန်ကြားရမည်။

(ခ) လုပ်ပိုင်ခွင့်အာဏာရှိသူတစ်ဦးဦးမှအပ အခြားသူတစ်ဦးဦးက လာဘ်ပေးလာဘ်ယူမှုကျူးလွန်ကြောင်း တွေ့ရှိသည့်အခါ ထိုသူအား သက်ဆိုင်ရာစီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ တရားစွဲဆိုနိုင်ရေးအတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့ခေါင်းဆောင် သို့မဟုတ် စစ်ဆေးရေးမှူးချုပ်အား ညွှန်ကြားရမည်။

## အခန်း (၄)
## လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာမှုကြောင့် ပိုင်ဆိုင်သည့် ငွေကြေး၊ ပစ္စည်းများနှင့်စပ်လျဉ်း၍ ပဏာမစိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်များ

၁၉။ ကော်မရှင်သည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအရဖြစ်စေ၊ အခြား သတင်းအချက်အလက်အရဖြစ်စေ လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာမှုကြောင့် ပိုင်ဆိုင်သည့် ငွေကြေး၊ ပစ္စည်းများ မှန်ကန်ကြောင်း ခိုင်လုံသည့် အထောက်အထားရရှိပါက သိမ်းဆည်းခြင်းနှင့်စပ်လျဉ်း၍ စိစစ်တင်ပြနိုင်ရေးအတွက် သင့်လျော်သောပုဂ္ဂိုလ်များ ပါဝင်သည့် ပဏာမစိစစ်ရေးအဖွဲ့ကို ကိစ္စရပ်အလိုက် ဖွဲ့စည်းရမည်။

၂၀။ ပဏာမစိစစ်ရေးအဖွဲ့သည် -

(က) ကော်မရှင်၏ တာဝန်ပေးအပ်ချက်အရ စုံစမ်းစစ်ဆေးခြင်းခံရသူအား အကြောင်းကြားပြီး ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ခုခံချေပခွင့်ပေးရမည်။

(ခ) ငွေကြေး၊ ပစ္စည်းများနှင့်စပ်လျဉ်း၍ လိုအပ်သည့် ပုဂ္ဂိုလ်များကို ဆင့်ဆိုစစ်ဆေး၍ လိုအပ်သည့် ထွက်ဆိုချက်နှင့် သက်သေခံချက်များ ရယူနိုင်သည်။

(ဂ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာ သို့မဟုတ် ကော်မရှင်က ရရှိသော သတင်းအချက်အလက်နှင့် ခုခံချေပချက်တို့ကို သုံးသပ်ပြီး မိမိ၏တွေ့ရှိချက်၊ သုံးသပ်ချက်၊ သဘောထားမှတ်ချက်များနှင့်အတူ စိစစ်တွေ့ရှိချက်အစီရင်ခံစာကို ကော်မရှင်သို့ တင်ပြရမည်။

(ဃ) စိစစ်ချက်နှင့် စုံစမ်းစစ်ဆေးသည့် ကိစ္စရပ်အသီးသီးကို လျှို့ဝှက်ထားရှိရမည်။

## အခန်း (၅)
## စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်များ

၂၁။ ကော်မရှင်သည် အောက်ပါကိစ္စများနှင့်စပ်လျဉ်း၍ တရားဥပဒေအရ အရေးယူနိုင်ရန် စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးစေခြင်း ပြုနိုင်သည် -

(က) နိုင်ငံတော်သမ္မတက စုံစမ်းစစ်ဆေးတင်ပြရန် တာဝန်ပေးအပ်ခြင်း၊

(ခ) ပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ) အရ နိုင်ငံရေးရာထူး လက်ရှိဖြစ်သူတစ်ဦးကို အရေးယူပေးရန် လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေနှင့်အညီ အဆိုတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌက စုံစမ်းစစ်ဆေးတင်ပြရန် တာဝန်ပေးအပ်ခြင်း၊

(ဂ) လာဘ်ပေးလာဘ်ယူမှုကျူးလွန်သူအပေါ် ဥပဒေအရ အရေးယူပေးပါရန် နစ်နာသူက -

(၁) ကော်မရှင်သို့ တိုင်ကြားခြင်း၊

(၂) ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ တိုင်ကြားခြင်း၊

(၃) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဆိုပါ တိုင်ကြားချက်ကို ကော်မရှင်သို့ လွှဲပြောင်းပေးပို့ခြင်း။

၂၂။ ကော်မရှင်သည် အောက်ပါကိစ္စများကို စုံစမ်းစစ်ဆေးခြင်းမပြုရ -

(က) တိုင်ကြားသည့်ကိစ္စသည် ကော်မရှင်က စုံစမ်းစစ်ဆေးပြီးသောကိစ္စဖြစ်ခြင်း၊

(ခ) တိုင်ကြားမှုတွင် အရေးကြီးသည့် သက်သေခံချက်များ မပါရှိခြင်း၊

(ဂ) ထပ်မံတိုင်ကြားမှုတွင် အရေးကြီးသည့် သက်သေခံချက်အသစ် မပါရှိခြင်း။

၂၃။ ကော်မရှင်သည် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးက ခေါင်းဆောင်၍ သင့်လျော်သော နိုင်ငံသားများ ပါဝင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့များကို ဖွဲ့စည်းကာ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးနိုင်သည်။

၂၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ မပါဝင်စေရ -

(က) စွပ်စွဲတိုင်တန်းသည့် အကြောင်းအရာတွင် အကျိုးသက်ဆိုင်သူ၊

(ခ) စွပ်စွဲတိုင်ကြားသူ သို့မဟုတ် စွပ်စွဲတိုင်ကြားခံရသူအပေါ် မလိုမုန်းတီးသူ၊

(ဂ) စွပ်စွဲတိုင်ကြားသူ သို့မဟုတ် စွပ်စွဲတိုင်ကြားခံရသူနှင့် ဆွေမျိုးတော်စပ်သူ၊

(ဃ) စွပ်စွဲတိုင်ကြားသူ သို့မဟုတ် စွပ်စွဲတိုင်ကြားခံရသူနှင့် လုပ်ငန်းဆက်စပ်လုပ်ကိုင်နေသူ။

၂၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့က စုံစမ်းစစ်ဆေးမှုပြုလုပ်ရာတွင် စွပ်စွဲတိုင်တန်းခံရသူအား စွပ်စွဲချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရန်၊ သက်သေခံချက်တင်ပြရန် သို့မဟုတ် သက်သေတင်ပြရန် ကာလသတ်မှတ်၍ အကြောင်းကြားရမည်။

၂၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့က ပြုလုပ်သည့် စုံစမ်းစစ်ဆေးမှုတွင် စွပ်စွဲခံရသူသည် စွပ်စွဲချက်နှင့်စပ်လျဉ်း၍ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ထုချေရှင်းလင်းနိုင်သည်။

၂၇။ (က) စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးမှုပြီးစီးသည့်အခါ ကော်မရှင်ဥက္ကဋ္ဌထံ စုံစမ်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာ တင်ပြရမည်။

(ခ) ကော်မရှင်ဥက္ကဋ္ဌသည် ပုဒ်မခွဲ (က) အရ တင်ပြသော အစီရင်ခံစာ ရရှိပြီးနောက် ရက်ပေါင်း ၃၀ အတွင်း ယင်းစုံစမ်းစစ်ဆေးမှုနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်ရန် ကော်မရှင်အစည်းအဝေး ခေါ်ယူကျင်းပရမည်။

၂၈။ ကော်မရှင်သည် -

(က) စုံစမ်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအရ -

(၁) စွပ်စွဲချက်နှင့်စပ်လျဉ်း၍ ခိုင်လုံသော အထောက်အထားမပေါ်ပေါက်ဟု ယူဆပါက စွပ်စွဲတိုင်တန်းချက်ကို ပယ်နိုင်သည်။

(၂) စွပ်စွဲခံရသူသည် ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သည်ဟု ယူဆပါက တရားစွဲဆိုရန် ကြိုတင်ခွင့်ပြုမိန့် ထုတ်ပေးပြီး ထိုသူအား သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ကိုဖြစ်စေ၊ စုံစမ်းစစ်ဆေးရေးမှူးကိုဖြစ်စေ တာဝန်ပေးအပ်နိုင်သည်။

(၃) ပုဒ်မခွဲငယ် (၂) အရ တရားစွဲဆိုရန် ကြိုတင်ခွင့်ပြုမိန့် ထုတ်ပေးခြင်းနှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက်အား နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ ဆောလျင်စွာ အသိပေးတင်ပြရမည်။

(ခ) စုံစမ်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို စိစစ်ပြီး ပုဂ္ဂိုလ်တစ်ဦးဦးသည် လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာမှုဖြစ်ကြောင်း တွေ့ရှိပါက ဤဥပဒေ အခန်း (၄) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပဏာမစိစစ်ရေးအဖွဲ့ ဖွဲ့စည်း၍ တာဝန်ပေးပြီး စိစစ်တွေ့ရှိချက်အစီရင်ခံစာ တင်ပြစေရမည်။

(ဂ) နောက်ထပ်သက်သေခံချက်များ စုံစမ်းရယူသင့်သည်ဟု ယူဆပါက ယင်းအစီရင်ခံစာတင်ပြသော စုံစမ်းစစ်ဆေးရေးအဖွဲ့ကိုဖြစ်စေ၊ အခြားစုံစမ်းစစ်ဆေးရေးအဖွဲ့ကိုဖြစ်စေ တာဝန်ပေးအပ်နိုင်သည်။

၂၉။ ကော်မရှင်က စွပ်စွဲခံရသူအပေါ် တရားစွဲဆိုအရေးယူရန် အကြောင်းပေါ်ပေါက်သည့်ကိစ္စ၌လည်းကောင်း၊ ပဏာမစိစစ်ရေးအဖွဲ့ဖြင့် စိစစ်ရန် ဆုံးဖြတ်သည့်ကိစ္စ၌လည်းကောင်း စွပ်စွဲခံရသူမှာ လုပ်ပိုင်ခွင့်အာဏာရှိသူဖြစ်လျှင် ကော်မရှင်က ထိုသို့ဆုံးဖြတ်သည့်နေ့ရက်မှစ၍ ထိုစွပ်စွဲခံရသူအား ယင်း၏ လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်စေခြင်းမပြုရ။

၃၀။ ကော်မရှင်သည် -

(က) လုပ်ပိုင်ခွင့်အာဏာရှိသူအပေါ် တရားစွဲဆိုအရေးယူရန် အကြောင်းပေါ်ပေါက်ကြောင်း ဆုံးဖြတ်သည့် ကိစ္စတွင် ယင်းကိစ္စအတွက် မိမိ၏အစီရင်ခံစာကို ပုဒ်မ ၂၁ ပုဒ်မခွဲ (က) အရ တာဝန်ပေးသည့် နိုင်ငံတော်သမ္မတထံသို့လည်းကောင်း၊ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) အရ တာဝန်ပေးသည့် သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်ကြားသော နစ်နာသူထံသို့လည်းကောင်း၊ ထိုသူအား ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ အစီအစဉ်အရ ဆက်လက်အရေးယူနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ လည်းကောင်း ပေးပို့ရမည်။

(ခ) စုံစမ်းစစ်ဆေးချက်အရ စွပ်စွဲခံရသူအပေါ် ဝန်ထမ်းစည်းကမ်းအရသာ အရေးယူသင့်သည်ဟု ယူဆပါက ယင်း၏ဝန်ထမ်းအကြီးအကဲထံ အကြောင်းကြားရမည်။

၃၁။ ကော်မရှင်က စွပ်စွဲချက်အပေါ် စုံစမ်းစစ်ဆေးနေစဉ်အတွင်း စွပ်စွဲခံရသူသည် ရာထူးစွန့်လွှတ်သွားပြီး ဖြစ်သော်လည်း ဥပဒေကြောင်းအရ ဆက်လက်အရေးယူရန်သော်လည်းကောင်း၊ ဝန်ထမ်းစည်းကမ်းနှင့်အညီ

အရေးယူရန်သော်လည်းကောင်း၊ နိုင်ငံတော်က သက်ဆိုင်ရာငွေကြေး၊ ပစ္စည်းများကို သိမ်းယူနိုင်ရန်သော်လည်းကောင်း စုံစမ်းစစ်ဆေးမှုကို အပြီးသတ်ပြုလုပ်နိုင်သည်။

၃၂။ တည်ဆဲဥပဒေပြဋ္ဌာန်းချက်တစ်ခုခုတွင် မည်သို့ပင်ပါရှိစေကာမူ ကော်မရှင်က ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ စုံစမ်းထောက်လှမ်းရန် လိုအပ်သည်ဟု ယူဆလျှင် စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် စစ်ဆေးရေးမှူးတစ်ဦးဦးအား ဘဏ်တစ်ခုခုရှိ စွပ်စွဲခံရသူနှင့် သက်ဆိုင်သောဘဏ်စာရင်းများကို စုံစမ်းစစ်ဆေးရန် အောက်ပါ လုပ်ပိုင်ခွင့်များ အပ်နှင်းလိုက်သည် -

(က) ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခု၏ လက်ဝယ်တွင်ဖြစ်စေ၊ ယင်း၏ထိန်းသိမ်းမှုအောက်တွင်ဖြစ်စေ ရှိသော ဘဏ်လုပ်ငန်းဆိုင်ရာစာအုပ်စာတမ်း၊ ဘဏ်စာရင်း သို့မဟုတ် စာတမ်းအမှတ်အသားတစ်ခုခုကို စစ်ဆေးခြင်း၊ မိတ္တူကူးယူခြင်း၊

(ခ) အစုရှယ်ယာစာရင်း၊ အဝယ်စာရင်း၊ အသုံးစရိတ်စာရင်း သို့မဟုတ် သူတစ်ဦးဦးက ဘဏ်တွင် ဖွင့်လှစ်ထားသော ငွေထုတ်စာရင်းတစ်ခုခုကို စစ်ဆေးခြင်း၊ မိတ္တူကူးယူခြင်း၊

(ဂ) ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခုတွင် ရှိသော အာမခံသေတ္တာတစ်ခုခုတွင် ထည့်သွင်းထားရှိသည်များကို စစ်ဆေးခြင်း၊

(ဃ) ပုဒ်မခွဲ (က) (ခ) နှင့် (ဂ) တို့နှင့် သက်ဆိုင်သော စာတမ်းအမှတ်အသား၊ စာရင်းနှင့်ပစ္စည်းတစ်ခုခုနှင့်သက်ဆိုင်သည့် အခြားသတင်းအချက်အလက်များအား မေးမြန်းစစ်ဆေးခြင်း။

၃၃။ ပုဒ်မ ၃၂ အရ လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသော စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် စစ်ဆေးရေးမှူးသည် အောက်ပါ အခြေအနေများတွင် မိမိစုံစမ်းစစ်ဆေးရသော စာအုပ်၊ စာတမ်းအမှတ်အသား၊ စာရင်း၊ ငွေ စသည်တို့ကို သိမ်းဆည်းနိုင်သည် -

(က) ယင်းတို့ကို မသိမ်းဆည်းဘဲ စစ်ဆေးမှု၊ မိတ္တူကူးယူမှု သို့မဟုတ် အနှစ်ချုပ်ထုတ်ယူမှု မပြုနိုင်ခြင်း၊

(ခ) ယင်းတို့ကို မသိမ်းဆည်းပါက သက်သေခံဖျောက်ဖျက်မှုပြုနိုင်ခြင်း၊

(ဂ) ဤဥပဒေအရဖြစ်စေ အခြားတည်ဆဲတရားဥပဒေတစ်ရပ်ရပ်အရဖြစ်စေ တရားစွဲဆိုရာတွင် ယင်းတို့ကို သက်သေခံအဖြစ် တင်ပြရန် လိုအပ်ခြင်း။

၃၄။ (က) ကော်မရှင်သည် ဤဥပဒေပါ အရေးယူမည့် ပြစ်မှုတစ်ခုခုနှင့် အကျုံးဝင်သည့် သို့မဟုတ် ယင်းအမှုတွင် သက်သေခံအဖြစ် တင်ပြမည့် ငွေကြေးဆိုင်ရာစာချုပ်စာတမ်းတစ်ခုခု အပါအဝင် ရွှေ့ပြောင်းနိုင်သောပစ္စည်းတစ်ခုခုသည် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခု၏ လက်ဝယ်တွင်ရှိကြောင်း သို့မဟုတ် ယင်း၏ထိန်းကွပ်မှုအောက်တွင်ရှိကြောင်း သတင်းရရှိပြီး ယင်းသတင်းအပေါ် ယုံကြည်သည့်အခါ တည်ဆဲဥပဒေပြဋ္ဌာန်းချက်တစ်ခုခုတွင် မည်သို့ပင်ပါရှိစေကာမူ ကော်မရှင်၏အမိန့်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ပြောင်းလဲခြင်းပြုသည့် အချိန်အထိ ယင်းပစ္စည်းကိုဖြစ်စေ၊ ယင်းပစ္စည်း၏ အစိတ်အပိုင်းတစ်ရပ်ရပ်ကိုဖြစ်စေ ရောင်းချခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ထုခွဲခြင်း၊ လွှဲပြောင်းခြင်းမပြုရန် အမိန့်ထုတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) ပါ အမိန့်ကို လိုက်နာဆောင်ရွက်သည့် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ကိုယ်စားလှယ် သို့မဟုတ် ဝန်ထမ်းအား ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူခွင့် မရှိစေရ။

၃၅။ ကော်မရှင်သည် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်းနှင့် အကျုံးဝင်သည့် ငွေကြေး၊ ပစ္စည်းတစ်ခုခုကို ပြည်ပဘဏ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံတွင် ထားရှိကြောင်း သို့မဟုတ် အပ်နှံထားကြောင်း

ယုံကြည်သည့်အခါ ထိုပစ္စည်းကို တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုစေရေးအတွက် သတ်မှတ်ချက်များနှင့် အညီ ဆောင်ရွက်နိုင်သည်။

## အခန်း (၆)
## ကော်မရှင်ရုံး ဖွဲ့စည်းခြင်း

၃၆။ နိုင်ငံတော်သမ္မတသည် ကော်မရှင်ရုံးကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

၃၇။ နိုင်ငံတော်သမ္မတသည် ကော်မရှင်၏အကြံပြုချက်အရ စစ်ဆေးရေးမှူးချုပ်ကို ဝန်ထမ်းစည်းမျဉ်းများနှင့်အညီ ခန့်အပ်ရမည်။

**စစ်ဆေးရေးမှူးချုပ်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၃၈။ စစ်ဆေးရေးမှူးချုပ်သည် ကော်မရှင်ကို တာဝန်ခံပြီး ကော်မရှင်၏လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

၃၉။ စစ်ဆေးရေးမှူးချုပ်သည် ကော်မရှင်၏လမ်းညွှန်ချက်နှင့်အညီ ကော်မရှင်ရုံးကို ညွှန်ကြားခြင်း၊ ထိန်းကွပ်ခြင်းနှင့် ကြီးကြပ်ခြင်း ပြုရမည်။

၄၀။ စစ်ဆေးရေးမှူးချုပ်သည် မိမိ၏လုပ်ငန်းတာဝန်ဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ အစီရင်ခံစာကို ကော်မရှင်သို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြရမည်။

**စစ်ဆေးရေးမှူး၏လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်နှင့် ကင်းလွတ်ခွင့်များ**

၄၁။ စစ်ဆေးရေးမှူးသည် ကော်မရှင်၏တာဝန်ပေးအပ်ချက်အရ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) သတင်းပေးချက်နှင့် တိုင်ကြားချက်များကို လက်ခံခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊

(ခ) ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ခြင်း၊ ပြစ်မှုကျူးလွန်ရန် အားထုတ်ခြင်း၊ ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီခြင်းတို့နှင့်စပ်လျဉ်း၍ စုံစမ်းထောက်လှမ်းခြင်း၊

(ဂ) လာဘ်ပေးလာဘ်ယူမှုပေါ်ပေါက်စေသည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အများပြည်သူနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများ၏ သဘောသဘာဝ၊ စနစ်များနှင့် လုပ်ထုံးလုပ်နည်းများကို စစ်ဆေးခြင်း၊ ယင်းစနစ်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုအပ်သလို ပြုပြင်နိုင်ရန် ကော်မရှင်သို့ ထောက်ခံတင်ပြခြင်း၊

(ဃ) လာဘ်ပေးလာဘ်ယူမှုပပျောက်ရေး ဆောင်ရွက်နေသည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိကအဖွဲ့အစည်းက မေတ္တာရပ်ခံလျှင် အကြံဉာဏ်ပေးခြင်း၊ အကူအညီပေးခြင်း၊

(င) လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အများပြည်သူဆိုင်ရာအဖွဲ့အစည်းများ၏ အကြီးအမှူးများအား ကော်မရှင်၏ လမ်းညွှန်ချက်နှင့်အညီ အကြံပြုခြင်း၊

(စ) မိမိ၏စုံစမ်းထောက်လှမ်းတွေ့ရှိချက်များကို စုံစမ်းစစ်ဆေးရေးအဖွဲ့သို့ တင်ပြခြင်း၊

(ဆ) လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးအတွက် အများပြည်သူကို အသိပညာပေးခြင်း၊

(ဇ) ကော်မရှင်က ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၄၂။ ကော်မရှင်အဖွဲ့ဝင်၊ ပဏာမစိစစ်ရေးအဖွဲ့ဝင်၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်နှင့် စစ်ဆေးရေးမှူးများသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ရဲအရာရှိတစ်ဦး၏ လုပ်ပိုင်ခွင့်နှင့် ကင်းလွတ်ခွင့်များ ရရှိစေရမည်။

## အခန်း (၇)

## လာဘ်ပေးလာဘ်ယူမှုနှင့်စပ်လျဉ်း၍ သတင်းပေးဆောင်ရွက်ခြင်း

## နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များက ဆောင်ရွက်ခြင်း

၄၃။ (က) နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် လာဘ်ပေးလာဘ်ယူမှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးတင်ပြရန် ကော်မရှင်ကို တာဝန်ပေးအပ်နိုင်သည်။

(ခ) ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် နိုင်ငံရေးရာထူးလက်ရှိဖြစ်သူတစ်ဦးဦးအပေါ် လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်း၊ ရာထူးဆိုင်ရာ လုပ်ပိုင်ခွင့်အလွဲသုံးစားမှုပြုခြင်း သို့မဟုတ် လာဘ်ပေးလာဘ်ယူမှုကျူးလွန်ခြင်းနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ သက်ဆိုင်ရာလွှတ်တော်သို့ အဆိုတင်ပြခွင့်ရှိသည်။

(ဂ) သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌသည် -

(၁) ပုဒ်မခွဲ (ခ) ပါ တင်ပြချက်ကို လက်ခံရရှိသည့်အခါ လိုအပ်သလို စုံစမ်းစစ်ဆေးပြီး တင်ပြရန် ကော်မရှင်ကို တာဝန်ပေးအပ်ရမည်။

(၂) ကော်မရှင်၏တင်ပြချက်အရ နိုင်ငံရေးရာထူး လက်ရှိဖြစ်သူတစ်ဦးဦးမှာ လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာကြောင်း၊ ရာထူးဆိုင်ရာလုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုကြောင်း သို့မဟုတ် လာဘ်ပေးလာဘ်ယူမှုကျူးလွန်ကြောင်း တွေ့ရှိပါက ထိုသူအား သက်ဆိုင်ရာက ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် အကြောင်းကြားရမည်။

### နစ်နာသူက သတင်းပေးခြင်းနှင့် တိုင်ကြားခြင်း

၄၄။ လာဘ်ပေးလာဘ်ယူမှုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ လုပ်ပိုင်ခွင့်အာဏာရှိသူတစ်ဦးဦးက လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာမှုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ လာဘ်ပေးလာဘ်ယူမှုကြောင့် နစ်နာသူက သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၄၅။ ပုဒ်မ ၄၄ အရ သတင်းပေးပို့ချက် သို့မဟုတ် တိုင်တန်းချက်တို့ကို ရရှိသော ကော်မရှင်ရုံး၊ လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုသည် ထိုသတင်းပေးပို့ချက် သို့မဟုတ် တိုင်တန်းချက်နှင့်စပ်လျဉ်း၍ ထိရောက်စွာဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လမ်းညွှန်မှုပြုနိုင်ရန် သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ ဆောလျင်စွာတင်ပြရမည်။

၄၆။ ပုဒ်မ ၄၄ အရ သတင်းပေးပို့ချက် သို့မဟုတ် တိုင်တန်းချက်ပေးပို့သူသည် ခိုင်လုံသောအကြောင်းမရှိဘဲ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် ရည်ရွယ်၍ သတင်းပေးပို့ချက်ကိုဖြစ်စေ၊ တိုင်တန်းချက်ကိုဖြစ်စေ တမင်ပြုလုပ်ကြောင်း ပေါ်ပေါက်ပါက ဤဥပဒေအရ အရေးယူခြင်းခံရမည်။

## အခန်း (၈)

## လုပ်ပိုင်ခွင့်အာဏာရှိသူက ပိုင်ဆိုင်သည့် ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ကြေညာခြင်း

၄၇။ ကော်မရှင်သည် ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ ကြေညာချက်ပေးပို့ရန် တာဝန်ရှိသည့် လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ တောင်းခံ၍ စိစစ်ပြီး အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာရမည်။

၄၈။ ပုဒ်မ ၄၇ အရ ကြေညာချက်ပေးပို့ရန် တာဝန်ရှိသော လုပ်ပိုင်ခွင့်အာဏာရှိသူများသည် မိမိတို့ ဦးစီးသည့် တစ်စီးပွားတည်းဖြစ်သော မိသားစုပိုင် ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များစာရင်းကို သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ တစ်နှစ်လျှင် တစ်ကြိမ် ကြေညာချက်များ ပေးပို့တင်ပြရမည်။

၄၉။ လုပ်ပိုင်ခွင့်အာဏာရှိသူများသည် ကြေညာလွှာပေးပို့ရာတွင် -

(က) မိမိ၏ငွေကြေးနှင့်ပစ္စည်းများကို မည်သို့မည်ပုံပိုင်ဆိုင်ကြောင်း အထောက်အထားမိတ္တူ ပူးတွဲတင်ပြရမည်။

(ခ) ပစ္စည်းများ လွှဲပြောင်းရောင်းချခြင်းရှိပါက ရောင်းချရငွေမှ ဝင်ငွေခွန်ထမ်းဆောင်ထားလျှင် ထိုသို့ ထမ်းဆောင်ထားသည့် အထောက်အထားစာရွက်စာတမ်းမိတ္တူ ပူးတွဲတင်ပြရမည်။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) ပါ ငွေကြေးနှင့်ပစ္စည်းများကို ပိုင်ဆိုင်ကြောင်း အထောက်အထားအပြင် ပြည်တွင်း၊ ပြည်ပမှရရှိသော ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များစာရင်းကို ပူးတွဲတင်ပြရမည်။

၅၀။ ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များစာရင်း ကြေညာလွှာပေးပို့ရန် တာဝန်ရှိသည့် လုပ်ပိုင်ခွင့်အာဏာရှိသူ ကွယ်လွန်သည့်အခါ ထိုသူ၏အမွေဆက်ခံသူ၊ တရားဝင်ကိုယ်စားလှယ် သို့မဟုတ် ပစ္စည်းထိန်းက ထိုကွယ်လွန်သူပိုင်ဆိုင်သည့် ငွေကြေးနှင့်ပစ္စည်းများ၏စာရင်းကို သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ ကြေညာလွှာတင်ပြရမည်။

## အခန်း (၉)

## လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာမှုကြောင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း

၅၁။ ကော်မရှင်သည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအရ လာဘ်ပေး လာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းကြောင့် လုပ်ပိုင်ခွင့်အာဏာရှိသူတစ်ဦးဦးက ပိုင်ဆိုင်သည့် ငွေကြေး၊ ပစ္စည်းများနှင့်စပ်လျဉ်း၍ စိစစ်တင်ပြရန် ပဏာမစိစစ်ရေးအဖွဲ့ကို တာဝန်ပေးအပ်ရမည်။

၅၂။ ကော်မရှင်၏တာဝန်ပေးချက်အရ ပဏာမစိစစ်ရေးအဖွဲ့သည် ဤဥပဒေနှင့်အညီ လိုအပ်သော သက်သေခံချက်များ ရယူပြီး အဆိုပါငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် သင့်/ မသင့် သဘောထားမှတ်ချက်ဖြင့် စိစစ်တွေ့ရှိချက်အစီရင်ခံစာကို ကော်မရှင်သို့ တင်ပြရမည်။

၅၃။ ကော်မရှင်သည် ပဏာမစိစစ်ရေးအဖွဲ့၏ တင်ပြသည့် စိစစ်တွေ့ရှိချက်အစီရင်ခံစာကို စိစစ်ပြီး အဆိုပါငွေကြေးနှင့်ပစ္စည်းများသည် -

(က) လာဘ်ပေးလာဘ်ယူမှုဖြင့် ရရှိသော ငွေကြေးနှင့်ပစ္စည်းများဖြစ်ကြောင်း သက်သေထင်ရှား ပေါ်ပေါက်လျှင် အဆိုပါငွေကြေးနှင့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့်အမိန့် ချမှတ်ရမည်။

(ခ) ဥပဒေနှင့်ညီညွတ်သောနည်းလမ်းဖြင့် ရရှိသောငွေကြေးနှင့်ပစ္စည်းများဖြစ်ကြောင်း လုပ်ပိုင်ခွင့်အာဏာရှိသူက သက်သေထင်ရှားပြနိုင်လျှင် အဆိုပါငွေကြေးနှင့်ပစ္စည်းများကို ယင်းအား ပြန်လည်ပေးအပ်ရမည်။

၅၄။ ကော်မရှင်သည် သက်သေခံအဖြစ် သိမ်းဆည်းထားသော ငွေကြေးနှင့်ပစ္စည်းများကို စုံစမ်းစစ်ဆေးခြင်းခံရသူမဟုတ်သော အခြားသူတစ်ဦးဦးက သဘောရိုးဖြင့် တရားဝင်လွှဲပြောင်းရယူထားပြီးဖြစ်ကြောင်း သက်သေထင်ရှားပေါ်ပေါက်ပါက ထိုအခြားသူအား ပြန်လည်ထုတ်ပေးရမည်။

## အခန်း (၁၀)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၅၅။ နိုင်ငံရေးရာထူး လက်ရှိဖြစ်သူ မည်သူမဆို လာဘ်ပေးလာဘ်ယူမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၁၅ နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၆။ နိုင်ငံရေးရာထူး လက်ရှိဖြစ်သူမှအပ အခြားလုပ်ပိုင်ခွင့်အာဏာရှိသူ မည်သူမဆို လာဘ်ပေးလာဘ်ယူမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်ဆယ်နှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၇။ နိုင်ငံရေးရာထူး လက်ရှိဖြစ်သူနှင့် လုပ်ပိုင်ခွင့်အာဏာရှိသူမှအပ အခြားမည်သူမဆို လာဘ်ပေးလာဘ်ယူမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၈။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့်သက်ဆိုင်သည့် ငွေကြေးနှင့်ပစ္စည်းများအပေါ် အရေးယူဆောင်ရွက်ခြင်းမပြုနိုင်ရန် ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် လွှဲပြောင်းခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၉။ မည်သူမဆို ခိုင်လုံသောအကြောင်းမရှိဘဲ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် ရည်ရွယ်၍ ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သည်ဟုသော်လည်းကောင်း၊ လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာသည်ဟုသော်လည်းကောင်း၊ မမှန်မကန်သတင်းပို့ခြင်း၊ တိုင်တန်းခြင်း သို့မဟုတ် မမှန်မကန်သက်သေခံခြင်း၊ မမှန်မကန်သက်သေခံဖန်တီးခြင်းပြုကြောင်း သို့မဟုတ် အခြားသူတစ်ဦးဦးအား ထိုသို့တစ်ခုခုပြုလုပ်စေရန် ခိုင်းစေခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၆၀။ မည်သူမဆို ကော်မရှင် သို့မဟုတ် ကော်မရှင်က လွှဲအပ်တာဝန်ပေးအပ်သည့် အဖွဲ့အစည်းတစ်ခုခုက ထုတ်ဆင့်သည့် အမိန့်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၆၁။ မည်သည့်လုပ်ပိုင်ခွင့်အာဏာရှိသူမဆို ဤဥပဒေအရ ကော်မရှင်က သတ်မှတ်သည့် အချိန်ကာလအတွင်း ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်ဆိုင်ရာ အထောက်အထားများကို တင်ပြရန် တမင်ပျက်ကွက်ကြောင်း သို့မဟုတ် ယင်းအထောက်အထားများကို မမှန်မကန်တင်ပြကြောင်း သို့မဟုတ် အချက်အလက်များကို ထိမ်ချန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၆၂။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခုမှ တာဝန်ရှိသူ မည်သူမဆို ဤဥပဒေပါ ပြစ်မှုနှင့် စပ်လျဉ်း၍ အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ယင်းပြုလုပ်မှု

တစ်ရပ်ရပ်အတွက် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) ကော်မရှင်၏ တာဝန်ပေးအပ်ချက်အရ စုံစမ်းစစ်ဆေးရေးအဖွဲ့က တရားဝင်တာဝန်ထမ်းဆောင်ခြင်းကို ခွင့်ပြုရန် ငြင်းပယ်ခြင်း၊

(ခ) ကော်မရှင်က တားမြစ်မိန့်ထုတ်ဆင့်ထားသော ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခုရှိ ငွေကြေးနှင့်ပစ္စည်းများကို ကော်မရှင်၏ခွင့်ပြုမိန့်မရှိဘဲ ထုတ်ပေးခြင်း၊ လွှဲပြောင်းခြင်း၊

(ဂ) စုံစမ်းစစ်ဆေးမှုနှင့်သက်ဆိုင်သည့် ငွေကြေးနှင့်ပစ္စည်းဆိုင်ရာမှတ်တမ်းများကို ဖျောက်ဖျက်ခြင်း၊ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ကော်မရှင်၏ခွင့်ပြုချက်မရှိဘဲ လွှဲပြောင်းခြင်း။

၆၃။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် လှုံ့ဆော်ခြင်း၊ အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းပြုလျှင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

## အခန်း (၁၁)

## အထွေထွေ

၆၄။ စုံစမ်းစစ်ဆေးခြင်းခံရသူသည် မိမိပိုင်ဆိုင်သည့် ငွေကြေးနှင့်ပစ္စည်းများကို တရားဝင် မည်သို့ရရှိကြောင်း သို့မဟုတ် မည်သည့်ဝင်ငွေဖြင့် ရရှိကြောင်းကို ခိုင်လုံသောအထောက်အထားများဖြင့် သက်သေထင်ရှားပြသရန် တာဝန်ရှိသည်။

၆၅။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် တာဝန်ပေးအပ်ခြင်းခံရသည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် စုံစမ်းစစ်ဆေးရေးမှူးသည် -

(က) နိုင်ငံရေးရာထူး လက်ရှိဖြစ်သူကို တရားစွဲဆိုရန်ဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကော်မရှင်က ထုတ်ပေးသော ကြိုတင်ခွင့်ပြုချက် ရယူရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်ကို တရားစွဲဆိုရန်ဖြစ်ပါက တည်ဆဲဥပဒေနှင့်အညီ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

(ဂ) နိုင်ငံရေးရာထူးလက်ရှိဖြစ်သူနှင့် လွှတ်တော်ကိုယ်စားလှယ်မှအပ အခြားသူတစ်ဦးဦးကို တရားစွဲဆိုရန်ဖြစ်ပါက ကော်မရှင်က ထုတ်ပေးသော ကြိုတင်ခွင့်ပြုချက် ရယူရမည်။

၆၆။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့ထားသော လာဘ်ပေးလာဘ်ယူမှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့်အမိန့် ချမှတ်ရမည်။

၆၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သဘောရိုးဖြင့် ဆောင်ရွက်သော ကော်မရှင်အဖွဲ့ဝင်၊ ပဏာမစိစစ်ရေးအဖွဲ့ဝင်၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်၊ စစ်ဆေးရေးမှူးလုပ်ငန်းအဖွဲ့ဝင်နှင့် ကော်မရှင်ရုံးဝန်ထမ်းများကိုလည်းကောင်း၊ ကော်မရှင်၊ ပဏာမစိစစ်ရေးအဖွဲ့၊ စုံစမ်းစစ်ဆေးရေးအဖွဲ့၊ ကော်မရှင်ရုံးဝန်ထမ်းတစ်ဦးဦး၏ကိုယ်စား ဆောင်ရွက်သူများကိုလည်းကောင်း တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ၊ အခြားအမှုအခင်းတစ်စုံတစ်ရာဖြင့်ဖြစ်စေ အရေးယူခြင်းမရှိစေရ။

၆၈။ လာဘ်ပေးလာဘ်ယူမှုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာမှုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ငွေကြေးနှင့်ပစ္စည်းများကို စုံစမ်းစစ်ဆေးအရေးယူခြင်းနှင့်စပ်လျဉ်း၍ဖြစ်စေ အခြား တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေအရသာလျှင် အရေးယူရမည်။

၆၉။ ဤဥပဒေအရ အရေးယူပိုင်ခွင့်ရှိသည့်ပြစ်မှုများအား ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၇၀။ ကော်မရှင်အဖွဲ့ဝင်များ၊ ဤဥပဒေအရ ဖွဲ့စည်းသည့် လုပ်ငန်းကော်မတီဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ ပဏာမစိစစ်ရေးအဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များ၊ စစ်ဆေးရေးမှူးနှင့် ကော်မရှင်ရုံး၏ အရာထမ်း၊ အမှုထမ်းများသည် ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၇၁။ ကော်မရှင်နှင့် ဤဥပဒေအရ ဖွဲ့စည်းသည့် လုပ်ငန်းကော်မတီများ၊ လုပ်ငန်းအဖွဲ့များ၊ ပဏာမစိစစ်ရေး အဖွဲ့များ၊ စုံစမ်းစစ်ဆေးရေးအဖွဲ့များ၏ အသုံးစရိတ်များ၊ ကော်မရှင်ရုံး၏ အသုံးစရိတ်များအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က ဘဏ္ဍာငွေခွဲဝေလျာထားပေးရမည်။

၇၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် -

(က) ကော်မရှင်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ကော်မရှင်သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်နိုင်သည်။

၇၃။ ၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှုတားမြစ်ရေးအက်ဥပဒေ (ဥပဒေအမှတ် ၆၇/၄၈) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**[ ယခင်အပတ် ၂၀၁၃ ခုနှစ်၊ ရခိုင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေမှအဆက် ]**

## အခန်း (၃)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်များ

၁၀။ (က) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာတာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏ လုပ်ငန်းများကို စီမံခန့်ခွဲ ရမည်။

( ခ ) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများကို နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက မိမိတို့လုပ်ငန်းလိုအပ်ချက်အရ ပြောင်းလဲလိုပါက ဤဥပဒေအရ ခွင့်ပြုထားသောငွေများအတွင်း ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

လှမောင်တင်၊
ဝန်ကြီးချုပ်၊
ရခိုင်ပြည်နယ်အစိုးရအဖွဲ့။

ဇယား (၁)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၇၇. ၉၀၉ | | | ၁၀၀၀. ၀၀၀ | | | |
| ၂ | လွှတ်တော် | လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | | | | | | |
| ၃ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၃၂. ၂၂၈ | | | | | | |
| ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀. ၁၃၃ | | | | | | |
| ၅ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀. ၀၆၀ | | | | | | |
| | | **ပေါင်း** | | | **၁၁၀. ၃၃၀** | | | **၁၀၀၀. ၀၀၀** | | | |

ဇယား (၂)
(ကျပ်သန်းပေါင်း)

**ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၆၆၂၆. ၂၀၉ | | ၁၀၀၀. ၀၀၀ | ၂၅၁၈. ၇၉၇ | | | |
| ၂ | လွှတ်တော် | လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၅၁၆. ၇၄၀ | | | ၃၅၈. ၂၉၅ | | | |
| ၃ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၅၃၇. ၁၇၉ | | | ၄၂၆. ၇၁၇ | | | |
| ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၃၂၁. ၅၇၁ | | | ၁၁၇. ၆၈၆ | | | |
| ၅ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၄၉၇. ၄၃၈ | | | ၅၀. ၀၀၀ | | | |
| | | **ပေါင်း** | **၈၄၉၉. ၁၃၇** | | **၁၀၀၀. ၀၀၀** | **၃၄၇၁. ၄၉၅** | | | |

ဇယား (၃)

(ကျပ်သန်းပေါင်း)

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ - ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| **၁** | | **ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက်** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်ကတာဝန်ပေးသူ | **၁၆၇. ၁၄၉** | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၁၆၇. ၁၄၉ | | | | | | | | |
| **၂** | | **နိုင်ငံတော်ပိုင်ပစ္စည်းများ အသုံးပြုသည့် အပေါ်တွင်ကောက်ခံသည့် အခွန်အကောက်** | **ရှင်း** | **၁၁၆၀. ၂၀၇** | | | | | | | | |
| | ၁ | မြေယာပေါ်တွင် ကောက်ခံသည့်အခွန် | | ၉၀၅. ၇၃၇ | | | | | | | | |
| | ၂ | တာတမံခွန် | | ၀. ၁၇၂ | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | | ၁၁၈. ၈၉၄ | | | | | | | | |
| | ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၂. ၃၃၇ | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၁၃၃. ၀၆၇ | | | | | | | | |
| **၃** | | **စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန်** | **ရှင်း** | **၁၅၇. ၀၅၄** | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၁၂၆. ၀၆၃ | | | | | | | | |
| | ၂ | ဘီးခွန် | | ၃၀. ၉၉၁ | | | | | | | | |
| **၄** | | **ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ** | **ရှင်း** | | ၄၄၅. ၆၁၇ | | | | | | | |

ဇယား (၃)။ ။ အဆုံး
(ကျပ်သန်းပေါင်း)

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| **၅** | | **ပြည်ထဲရေး** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | **၅. ၁၅၈** | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၅. ၁၁၆ | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀. ၀၄၂ | | | | | | |
| **၆** | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | **ဒင်း** | | | **၁. ၅၉၀** | | | | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | | | ၀. ၃၉၀ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | | | | | | | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၁. ၂၀၀ | | | | | | |
| **၇** | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ** | **ဒင်း** | | | **၄. ၂၀၀** | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၄. ၂၀၀ | | | | | | |
| **၈** | | **ဘဏ္ဍာရေးနှင့်အခွန်** | **ဒင်း** | | | | | | **၄၆၇၅၈. ၆၅၄** | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | ၄၆၇၅၈. ၆၅၄ | | | |
| **၉** | | **ဆောက်လုပ်ရေး** | **ဒင်း** | | | **၁၃၀. ၄၆၈** | | | | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၀. ၄၆၈ | | | | | | |
| | ၂ | အဆောက်အအုံနှင့်လမ်းတံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | | | ၁၃၀. ၀၀၀ | | | | | | |
| **၁၀** | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး** | **ဒင်း** | | | **၀. ၀၂၁** | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀. ၀၂၁ | | | | | | |
| **၁၁** | | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | **ဒင်း** | | | **၇. ၁၁၈** | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၃. ၂၅၀ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၃. ၈၆၈ | | | | | | |
| **၁၂** | | **သမဝါယမ** | **ဒင်း** | | | **၁. ၅၂၈** | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၀. ၈၃၄ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၀. ၆၉၄ | | | | | | |
| **၁၃** | | **အားကစား** | **ဒင်း** | | | **၅. ၉၁၀** | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၅. ၉၁၀ | | | | | | |
| **၁၄** | | **စည်ပင်သာယာရေးအဖွဲ့များ** | **ဒင်း** | | | **၃၂၅၂. ၃၇၆** | | | | | | |
| | | **ပေါင်း** | | **၁၄၈၄. ၄၁၀** | **၄၄၅. ၆၁၇** | **၃၄၀၈. ၃၆၉** | | | **၄၆၇၅၈. ၆၅၄** | | | |

ဇယား (၄)
(ကျပ်သန်းပေါင်း)

# ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| **၁** | | **ပြည်ထဲရေး** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၄၂၇၇. ၄၅၇** | | | **၂၂၈၇. ၄၆၈** | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၄၁၆၈. ၇၈၅ | | | ၂၂၆၀. ၄၆၈ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၁၀၈. ၆၇၂ | | | ၂၇. ၀၀၀ | | | |
| **၂** | | **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း** | **ရင်း** | **၁၀၂၂. ၄၂၁** | | | **၂၃၀. ၂၇၄** | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | ၄၉. ၈၀၀ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | ၇၆၉. ၉၀၂ | | | ၁၄၃. ၂၇၄ | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | ၂၀၂. ၇၁၉ | | | ၈၇. ၀၀၀ | | | |
| **၃** | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ** | **ရင်း** | **၆၀၈. ၁၂၁** | | | **၁၁၆. ၁၉၄** | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၆၀၈. ၁၂၁ | | | ၁၁၆. ၁၉၄ | | | |
| **၄** | | **ဘဏ္ဍာရေးနှင့် အခွန်** | **ရင်း** | **၄၈. ၇၄၈** | | | **၃၀၂. ၅၅၅** | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၄၈. ၇၄၈ | | | ၃၀၂. ၅၅၅ | | | |
| **၅** | | **ဆောက်လုပ်ရေး** | **ရင်း** | **၂၅၇၅၉. ၅၈၄** | | | **၂၅၉. ၃၂၅** | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၂၁. ၇၄၄ | | | ၂၅၉. ၃၂၅ | | | |
| | ၂ | အဆောက်အဦနှင့် လမ်းတံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | ၂၅၆၃၇. ၈၄၀ | | | | | | |
| **၆** | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး** | **ရင်း** | **၂၆၄. ၈၅၇** | | | **၂၈၅. ၇၃၅** | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၂၆၄. ၈၅၇ | | | ၂၈၅. ၇၃၅ | | | |
| **၇** | | **မွေးမြူရေးနှင့် ရေလုပ်ငန်း** | **ရင်း** | **၄၁၆. ၇၁၉** | | | **၁၄၁. ၅၀၀** | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၂၉၀. ၆၃၅ | | | ၁၁၉. ၅၀၀ | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၁၂၆. ၁၀၄ | | | ၂၂. ၀၀၀ | | | |
| **၈** | | **အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေး** | **ရင်း** | **၁၂. ၀၈၁** | | | | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | ၁၂. ၀၈၁ | | | | | | |
| **၉** | | **သမဝါယမ** | **ရင်း** | **၅၅၄. ၇၅၃** | | | **၃၆. ၇၅၀** | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၄၃၇. ၆၈၉ | | | ၃၅. ၉၉၀ | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၇. ၀၆၄ | | | ၀. ၇၆၀ | | | |
| **၁၀** | | **အားကစား** | **ရင်း** | **၅၁၈. ၆၅၀** | | | **၅၄၃. ၄၉၇** | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၅၁၈. ၆၅၀ | | | ၅၄၃. ၄၉၇ | | | |
| **၁၁** | | **စည်ပင်သာယာရေးအဖွဲ့များ** | **ရင်း** | **၁၄၆၇. ၅၅၃** | | | **၁၄၄၂. ၅၉၇** | | | |
| | | **ပေါင်း** | | **၃၄၈၅၀. ၈၆၄** | | | **၅၆၄၅. ၈၉၅** | | | |

ဇယား (၅)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| **၁** | | **ပြန်ကြားရေး** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ** | | | **၁၅. ၅၄၀** | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | | | ၁၅. ၅၄၀ | | | | | | |
| **၂** | | **ဆောက်လုပ်ရေး** | **ရှင်း** | | | **၂၅၆၃၉. ၈၄၀** | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | ၂၅၆၃၉. ၈၄၀ | | | | | | |
| **၃** | | **သတ္တုတွင်း** | **ရှင်း** | | | **၂၈. ၈၅၀** | | | | | | |
| | ၁ | မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း | | | | ၂၈. ၈၅၀ | | | | | | |
| | | **ပေါင်း** | | | | **၂၅၆၈၄. ၂၃၀** | | | | | | |

ဇယား (၆)
(ကျပ်သန်းပေါင်း)

# ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| **၁** | | **ပြန်ကြားရေး** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ** | **၂၃. ၂၆၆** | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | ၂၃. ၂၆၆ | | | | | | |
| **၂** | | **ဆောက်လုပ်ရေး** | **ရင်း** | **၂၄၄၅၈. ၅၁၀** | | | **၈၉၀. ၅၃၅** | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၂၄၄၅၈. ၅၁၀ | | | ၈၉၀. ၅၃၅ | | | |
| **၃** | | **သတ္တုတွင်း** | **ရင်း** | **၅၁. ၉၀၈** | | | | | | |
| | ၁ | မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း | | ၅၁. ၉၀၈ | | | | | | |
| | | **ပေါင်း** | | **၂၄၅၃၃. ၆၈၄** | | | **၈၉၀. ၅၃၅** | | | |

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်<br>( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် ) | သောကြာနေ့ |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### လွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက် )

လွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ဌာနမှ အောက်ပါ ဦးစီးအရာရှိများအား လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| ၁။ | ဦးဆန်းမောင်လှိုင် | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၂။ | ဦးခွန်ထီးမင်း | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၃။ | ဒေါ်တင်မျိုးလွင် | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၄။ | ဒေါ်ခင်မာချို | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |

### အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၃)

လွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ဌာနမှ ဦးစီးအရာရှိ ဦးရွှေကိုအား ဒုတိယညွှန်ကြားရေးမှူးရာထူးနေရာကို ကျောထောက်နောက်ခံပြု၍ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

# စစ်ရာထူးခန့်ချုပ်ရုံး

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် )

အမှတ် ၇၉/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့တွင် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိမှ ကြိုတင်သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့မှ အစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | |
|---|---|---|
| (၁) | သန်းဝင်း | ကြည်း ၆၅၉၂၈ |

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂ ရက် )

အမှတ် ၈၀/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိမှ ကြိုတင်သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| (၁) | ကံမြင့် | ကြည်း ၆၅၉၂၉ | (၃-၇-၂၀၁၃) |
| (၂) | တင်ဦး | ကြည်း ၆၅၉၃၀ | (၃-၇-၂၀၁၃) |
| (၃) | လိန်းကီး | ကြည်း ၆၅၉၃၁ | (၃-၇-၂၀၁၃) |
| (၄) | ကပ်ကျင်း | ကြည်း ၆၅၉၃၂ | (၂၂-၇-၂၀၁၃) |
| (၅) | ဦးကျော်မောင် | ကြည်း ၆၅၉၃၃ | (၂၆-၇-၂၀၁၃) |
| (၆) | စံငြိမ်း | ကြည်း ၆၅၉၃၄ | (၂၇-၇-၂၀၁၃) |
| (၇) | ခင်မောင်သန်း | ကြည်း ၆၅၉၃၅ | (၂၇-၇-၂၀၁၃) |
| (၈) | မျိုးချစ် | ကြည်း ၆၅၉၃၆ | (၂၉-၇-၂၀၁၃) |
| (၉) | ကြည်မောင် | ကြည်း ၆၅၉၃၇ | (၂၉-၇-၂၀၁၃) |
| (၁၀) | သိန်းမောင် | ကြည်း ၆၅၉၃၈ | (၂၉-၇-၂၀၁၃) |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

**[ ယခင်အပတ် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၃၊ သင်္ဘောသား စုဆောင်းခြင်းနှင့် အလုပ်နေရာချထားခြင်းဆိုင်ရာဝန်ဆောင်မှုဆောင်ရွက်ပေးသော သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းနှင့် ပတ်သက်သည့် ညွှန်ကြားချက်မှအဆက် ]**

၁၀။ (တ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်း၏ရုံးခန်းတွင် အောက်ပါမှတ်တမ်းများနှင့် အထောက်အထား များကို နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင် ပြုစုထားရှိရမည် -

(၁) စုဆောင်း၊ တာဝန်ထမ်းဆောင်စေသည့် သင်္ဘောသားအမည်နှင့် နေရပ်လိပ်စာ

(၂) သင်္ဘောသားများ သက်ဆိုင်ရာသင်္ဘောသို့ ရောက်ရှိတာဝန်ထမ်းဆောင်ခြင်းနှင့် တာဝန် ပြီးဆုံးခြင်း (Sign on/Sign off) မှတ်တမ်း

(၃) စုဆောင်း၊ တာဝန်ထမ်းဆောင်စေသည့် သင်္ဘောသားများ၏ ဆေးစစ်ဆေးချက် မှတ်တမ်းများ

(၄) စုဆောင်း၊ တာဝန်ထမ်းဆောင်စေသည့် သင်္ဘောသားများ၏ ကိုယ်ရေးအချက်အလက်များ

(၅) စုဆောင်း၊ တာဝန်ထမ်းဆောင်စေသည့် သင်္ဘောသားများ၏ အလုပ်အကိုင်စာချုပ် (Employment Contract) မူရင်းများ

(၆) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းနှင့် သင်္ဘောပိုင်ရှင်တို့အကြား ချုပ်ဆိုထားသော သဘောတူစာချုပ် (Agreement Contract) မူရင်းများ

(၇) စုဆောင်း၊ တာဝန်ထမ်းဆောင်စေသည့် သင်္ဘောသားတစ်ဦးချင်းစီ၏ ကျွမ်းကျင်မှုလက်မှတ် (CoC) နှင့် တတ်ကျွမ်းမှုလက်မှတ် (CoP) မိတ္တူများ

(၈) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းအစီအစဉ်ဖြင့် သက်ဆိုင်ရာသင်္ဘောတွင် တာဝန် ထမ်းဆောင်စဉ် သေဆုံးသော/ဒဏ်ရာရရှိသော သင်္ဘောသားတစ်ဦးချင်းနှင့်ပတ်သက်သည့် အောက်ပါမှတ်တမ်းများ -

(ကက) အမွေဆက်ခံခွင့်ရှိသူ

(ခခ) သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ် (CDC)

(ဂဂ) မြန်မာနိုင်ငံကူးလက်မှတ်

(ဃဃ) သင်္ဘောအမည်

(ငင) သင်္ဘောပိုင်ရှင်လိပ်စာ

(စစ) အခင်းဖြစ်ပွားသည့် ရက်စွဲ၊ နေရာနှင့်ဖြစ်ပွားပုံ

(ဆဆ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းက ဆောင်ရွက်ပေးမှုမှတ်တမ်း

(၉) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် သင်္ဘောပိုင်ရှင်၏ အချက်အလက်များ (Company Profile)

(၁၀) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် သင်္ဘောပိုင်ရှင်၏ သင်္ဘောတစ်စီးချင်းအလိုက် သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နောက်ဆုံး အခြေအနေနှင့်ကိုက်ညီသော သင်္ဘောသားစာရင်း (Up to Date Onboard Crew List)

(၁၁) စုဆောင်း၊ တာဝန်ထမ်းဆောင်စေသည့် သင်္ဘောသားနှင့် သင်္ဘောပိုင်ရှင်အကြား ဖြစ်ပွားသည့် ကိစ္စများနှင့် အဆိုပါကိစ္စများအပေါ် သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းက ဆောင်ရွက်ပေးမှုမှတ်တမ်းများ။

(ထ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် ဦးစီးဌာနနှင့် ရုံးလုပ်ငန်းကိစ္စများ ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်း၏ ကုမ္ပဏီမှတ်ပုံတင်တွင် ပါရှိသော ဒါရိုက်တာအဖွဲ့ဝင်များမှ နှစ်ဦး သို့မဟုတ် သုံးဦးအား ကိုယ်စားလှယ်အဖြစ် ဦးစီးဌာန၏ ခွင့်ပြုချက်အရ ခန့်အပ်တာဝန်ပေးထားရမည်။

(ဒ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်း၏အစီအစဉ်ဖြင့် သက်ဆိုင်ရာသင်္ဘောများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော သင်္ဘောသားများ၏ Sign on/Sign off စာရင်းနှင့် သင်္ဘောတစ်စီးချင်းအလိုက် Onboard စာရင်းကို ဦးစီးဌာန၏ သင်္ဘောသားဌာနခွဲသို့ လစဉ်ပထမပတ်အတွင်းပေးပို့တင်ပြရမည်။

(ဓ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်း၏ အစီအစဉ်ဖြင့် သက်ဆိုင်ရာသင်္ဘောများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော သင်္ဘောသားများ၏ ရာထူးအဆင့်များအလိုက် လစာနှုန်းထားပြောင်းလဲခြင်း၊ သင်္ဘောပိုင်ရှင်၏အစီအစဉ်ဖြင့် သင်္ဘောပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်း၊ ရာထူးအဆင့်ပြောင်းလဲခြင်းရှိသည့် အချိန်တိုင်းတွင် ဦးစီးဌာန၏ သင်္ဘောသားဌာနခွဲသို့ လစာစာရင်း၊ ရာထူးပြောင်းလဲမှုစာရင်းနှင့်တကွ အချိန်နှင့်တစ်ပြေးညီ ပေးပို့တင်ပြရမည်။

(န) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် သင်္ဘောပိုင်ရှင်၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော သင်္ဘောများတွင် တာဝန်ထမ်းဆောင်ရန် သင်္ဘောသားများ စေလွှတ်ခြင်းကို အဆိုပါသင်္ဘောပိုင်ရှင်နှင့် ချုပ်ဆိုထားသော သဘောတူစာချုပ် (Agreement Contract) ၏ သက်တမ်းကာလအတွင်း၌သာ ဆောင်ရွက်ရမည်။

(ပ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် ငှားရမ်းအသုံးပြုသည့် သင်္ဘောသားများနှင့်ပတ်သက်၍ တာဝန်ထမ်းဆောင်ရန် မြန်မာနိုင်ငံမှ ထွက်ခွာသည့်အချိန်မှ ပြန်လည်ရောက်ရှိသည့်အချိန်အထိ ကာလအတွင်း သင်္ဘောသားများ၏သေဆုံးမှု၊ ထိခိုက်ဒဏ်ရာရမှု၊ သင်္ဘောနစ်မြုပ်မှုတို့အပြင် မည်သည့်ထူးခြားမှုဖြစ်စဉ်ကိုမဆို ဦးစီးဌာန၏ သင်္ဘောသားဌာနခွဲသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပို့တင်ပြရမည်။

(ဖ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် စုဆောင်းထားသည့် သင်္ဘောသားများကို တာဝန်ထမ်းဆောင်မည့် သင်္ဘောသို့ စေလွှတ်နိုင်ရန်အတွက် အောက်ဖော်ပြပါ စာရွက်စာတမ်းများ ဦးစီးဌာနသို့ တင်ပြပြီး ခွင့်ပြုချက်ရရှိမှသာ သင်္ဘောသားများစေလွှတ်ခြင်းကို ဆောင်ရွက်သွားရမည် -

(၁) သင်္ဘောသားများ တာဝန်ထမ်းဆောင်မည့် သင်္ဘော၏ပိုင်ရှင်နှင့်ချုပ်ဆိုထားသည့် သဘောတူစာချုပ် (Agreement Contract) များ၊

(၂) သင်္ဘောပိုင်ရှင်များ၏ ကုမ္ပဏီ Profile နှင့် ကုမ္ပဏီမှတ်ပုံတင် (Registration) များ၊

(၃) သင်္ဘောပိုင်ရှင်အလိုက် သင်္ဘောစာရင်း၊

(၄) သင်္ဘောတစ်စီးချင်းအလိုက် သင်္ဘောသားများ၏လစာစာရင်း၊

(၅) သင်္ဘောသားများ၏ လူမှုလုံခြုံရေး (Social Security) အတွက် အာမခံထားရှိသည့် P & I Club များ။

(ဗ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းအစီအစဉ်ဖြင့် သင်္ဘောသားများအား တာဝန်ထမ်းဆောင်မည့် သက်ဆိုင်ရာသင်္ဘောများသို့ စေလွှတ်ရာတွင် အဆိုပါ သင်္ဘောသားများကိုင်ဆောင်သည့် ကျွမ်းကျင်မှုလက်မှတ် (Certificated of Competency) နှင့် တတ်ကျွမ်းမှုလက်မှတ် (Certificate of Proficiency) များသည် ဦးစီးဌာနက ထုတ်ပေးထားသည့် လက်မှတ်အစစ်များဖြင့်သာ တာဝန်ထမ်းဆောင်ရေး တိကျစွာဆောင်ရွက်ပေးရမည်။ ထို့အပြင် သက်ဆိုင်ရာသင်္ဘောသားကိုင်ဆောင်

ထားသည့် ကျွမ်းကျင်မှုလက်မှတ်တွင် ဖော်ပြထားသော Capacity နှင့် Limitation တို့အရ သက်ဆိုင်ရာသင်္ဘောပိုင်ရှင်များက အလုပ်တာဝန်ခန့်ထားစေရေး သေချာမှုရှိစေရန်အတွက် ဆောင်ရွက်ရမည်။ စုဆောင်း၊ တာဝန်ထမ်းဆောင်စေသည့် သင်္ဘောသားအား လက်မှတ်အတုများ ကိုင်ဆောင်နိုင်ရန် ဆောင်ရွက်ပေးခြင်း သို့မဟုတ် အားပေးကူညီခြင်း၊ သင်္ဘောသား၏ လုပ်သက်မှတ်တမ်း (CDC) အား အတုကိုင်ဆောင်ခြင်း၊ ပြင်ဆင်ခြင်းများအတွက် ဆောင်ရွက်ပေးခြင်း သို့မဟုတ် အားပေးကူညီခြင်းကို လုံးဝ (လုံးဝ) ဆောင်ရွက်ခြင်းမပြုရ။

(ဘ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ကုမ္ပဏီသက်တမ်းတိုးဆောင်ရွက်ခြင်းကို ပုံမှန်ဆောင်ရွက်သွားရမည်။ သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းအား ကုမ္ပဏီမှတ်ပုံတင်ထားခြင်းမှပယ်ဖျက်ခြင်းခံရပါက ဦးစီးဌာနက ထုတ်ပေးထားသော လိုင်စင်သည်လည်း အလိုအလျောက်ပျက်ပြယ်သွားမည်ဖြစ်သည်။

(မ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် စုဆောင်းထားသည့် သင်္ဘောသားများအား တာဝန်ထမ်းဆောင်မည့် သင်္ဘောသို့ မစေလွှတ်မီ ဦးစီးဌာနက အသိအမှတ်ပြုထားသည့် ဆရာဝန်များနှင့် ကျန်းမာရေးဓာတ်ခွဲခန်းများ၌သာ ဆေးစစ်ခြင်းကို ဆောင်ရွက်စေရမည်။

(ယ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် စုဆောင်းထားသည့် သင်္ဘောသားများအား တာဝန်ထမ်းဆောင်မည့် သင်္ဘောသို့ စေလွှတ်ရာတွင် ဦးစီးဌာန၏ သင်္ဘောသားဌာနခွဲတွင် သင်္ဘောသားတစ်ဦးချင်းစီအတွက် ခွင့်ပြုချက်တောင်းခံပြီး ထွက်ခွာခွင့်ပြုကြောင်းစာ ရရှိမှသာ သက်ဆိုင်ရာ သင်္ဘောသို့ စေလွှတ်ခြင်းကို ဆောင်ရွက်ရမည်။

(ရ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် သင်္ဘောသားများ၏ အလုပ်တာဝန်ထမ်းဆောင်ခြင်းဆိုင်ရာ (Ability and Conduct) ကိစ္စများကိုလည်းကောင်း၊ သင်္ဘောသား၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ထိန်းသိမ်းစောင့်စည်းရမည့် အချက်အလက်များကိုလည်းကောင်း သတင်းပေးခြင်း၊ ထုတ်ပြန်ကြေညာခြင်းများကြောင့် သင်္ဘောသား၏ အလုပ်အကိုင်အခွင့်အလမ်းကို ထိခိုက်စေသည့် ပြုမူဆောင်ရွက်ခြင်းများကို ရှောင်ကြဉ်ရမည်။

(လ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် တာဝန်ပေးစေလွှတ်ထားသည့် သင်္ဘောသားအား တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိရေးအတွက် စီစဉ်ပေးထားရမည်ဖြစ်ရာ အဆိုပါ အစီအစဉ်အား သင်္ဘောသားက ငြင်းဆို၍ သင်္ဘောသား၏အစီအစဉ်ဖြင့် ဆောင်ရွက်သွားရန် ရှိပါက သင်္ဘောသား Sign Off ပြုလုပ်ပြီး တစ်ပတ်အတွင်း သင်္ဘောသားတာဝန်ထမ်းဆောင်ခဲ့သည့် သင်္ဘောပိုင်ရှင်က ထုတ်ပေးသည့် အကြောင်းကြားစာနှင့်အတူ ဦးစီးဌာနသို့ တင်ပြထားရမည်။

(ဝ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်မှုအရည်အသွေးကို စစ်ဆေးမှုခံယူနိုင်ရေးအတွက် အရည်အသွေးစီမံခန့်ခွဲမှုစနစ် (Quality Management System) ကို ရေးဆွဲထားရမည်။ အဆိုပါ ရေးဆွဲထားသည့် အရည်အသွေးစီမံခန့်ခွဲမှုစနစ်ကို လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် သင်္ဘောပိုင်ရှင်များ၏ သင်္ဘောများမှတ်ပုံတင်ထားသည့်နိုင်ငံများက လက်ခံထားသည့် Classification Society များ၏ စစ်ဆေးမှုကို ခံယူပြီး MLC 2006 တွင် ပြဋ္ဌာန်းထားသည့် လိုအပ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ထားကြောင်း အသိအမှတ်ပြုလက်မှတ်များ ရယူထားရမည်။

(သ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် ဤညွှန်ကြားချက်ပါ ကိစ္စရပ်များနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ထားမှုအခြေအနေများနှင့် နောက်ဆုံးအခြေအနေနှင့်ကိုက်ညီသော မှတ်တမ်းနှင့် အထောက်အထားများကို အစစ်ဆေးခံနိုင်ရေးအတွက် စနစ်တကျဆောင်ရွက်ထားရမည်။

**စပေါ်ငွေ (Deposit)**

၁၁။ သဘော်သားကိုယ်စားလှယ်လုပ်ငန်းသည် ဦးစီးဌာနက လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်းခံရပါက အာမခံအဖြစ် စပေါ်ငွေကျပ် (၅,၀၀၀,၀၀၀) ကို ဦးစီးဌာန၏ငွေစာရင်း၌ ပေးသွင်း၍ အာမခံအဖြစ် စပေါ် တင်ထားရမည်။

၁၂။ ဦးစီးဌာနသည် သဘော်သားကိုယ်စားလှယ်လုပ်ငန်းက အာမခံအဖြစ် ထားရှိသော စပေါ်ငွေမှ အောက်ပါအကြွေးကျန်နှင့် ငွေကြေးများကို ထုတ်ယူ၍ နိုင်ငံတော်သို့ ပေးသွင်းခြင်း၊ သက်ဆိုင်ရာသို့ ထုတ်ပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည် -

(က) သဘော်သားကိုယ်စားလှယ်လုပ်ငန်းက ဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် သဘော်သားအား စုဆောင်းခြင်း၊ တာဝန်ထမ်းဆောင်စေခြင်းကိစ္စများ ဆောင်ရွက်ရာတွင် ဦးစီးဌာနက ဆောင်ရွက်ပေးရသည့် ဝန်ဆောင်မှုများအတွက် နိုင်ငံတော်သို့ ပေးသွင်းရန်ရှိသော ဝန်ဆောင်ခအကြွေးကျန်များ၊

(ခ) သဘော်သားကိုယ်စားလှယ်လုပ်ငန်းက စုဆောင်း၊ တာဝန်ထမ်းဆောင်စေသည့် သဘော်သားများ၏ နစ်နာမှုနှင့်ပတ်သက်၍ ဦးစီးဌာနက ဆုံးဖြတ်ပေးသော သဘော်သား၏ရပိုင်ခွင့်ငွေကြေးများ။

၁၃။ အထက်အပိုဒ် (၁၂) အရ စပေါ်ငွေမှ ထုတ်ယူသဖြင့် လျော့နည်းသွားသည့်ငွေကြေးကို သဘော်သားကိုယ်စားလှယ်လုပ်ငန်းသည် ဦးစီးဌာနမှ အကြောင်းကြားစာရရှိပြီး ရက်သတ္တတစ်ပတ်အတွင်း ပြန်လည်ဖြည့်တင်းထားရမည်။

၁၄။ သဘော်သားကိုယ်စားလှယ်လုပ်ငန်းသည် အောက်ပါအခြေအနေများတွင် အာမခံထားရှိသည့် စပေါ်ငွေကို ပြန်လည်ထုတ်ယူခွင့်ရှိသည် -

(က) လိုင်စင်ရုပ်သိမ်းခံရခြင်း၊

(ခ) လိုင်စင်အား ပြန်လည်အပ်နှံခြင်း။

**လိုင်စင်အား ရုပ်သိမ်းခြင်း**

၁၅။ အောက်ပါအခြေအနေများတွင် ဦးစီးဌာနသည် သဘော်သားကိုယ်စားလှယ်လုပ်ငန်းအား ထုတ်ပေးထားသော လိုင်စင်ကို ရုပ်သိမ်းသွားမည်ဖြစ်သည် -

(က) သဘော်သားကိုယ်စားလှယ်လုပ်ငန်း၏ ကုမ္ပဏီမှတ်ပုံတင်သက်တမ်း ကုန်ဆုံးခြင်း၊

(ခ) ဦးစီးဌာနက သဘော်သားကိုယ်စားလှယ်လုပ်ငန်းသို့ ထုတ်ပေးထားသည့် လိုင်စင်သက်တမ်း ကုန်ဆုံးပြီးနောက် ၆ လအတွင်း သက်တမ်းတိုးဆောင်ရွက်မှုမရှိခြင်း၊

(ဂ) သဘော်သားကိုယ်စားလှယ်လုပ်ငန်းသည် သဘောတူစာချုပ် (Agreement Contract) ပါ သတ်မှတ်ချက်များနှင့် ဤညွှန်ကြားချက်ပါ သဘော်သားကိုယ်စားလှယ်လုပ်ငန်းက လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအား ပျက်ကွက်ခြင်း၊

(ဃ) အာမခံအဖြစ်ထားရှိသည့် စပေါ်ငွေမှ လျော့နည်းသွားသည့်ငွေအား အချိန်မီပြန်လည်ဖြည့်တင်းထားမှု မရှိခြင်း၊

(င) ယာယီလိုင်စင်သက်တမ်းကာလအတွင်း သဘော်သားများ အလုပ်အကိုင်ရှာဖွေပေးနိုင်မှု မရှိခြင်း။

**အရေးယူခြင်း**

၁၆။ သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် ဤညွှန်ကြားချက်ပါ အလုပ်တာဝန်ဝတ္တရားများနှင့် လိုက်နာဆောင်ရွက်ရန်ရှိသည်များကို ပျက်ကွက်ခြင်း၊ ဖောက်ဖျက်ခြင်းများအတွက် ဦးစီးဌာနက အောက်ပါ စီမံခန့်ခွဲရေးနည်းလမ်းများအရ အရေးယူသွားမည်ဖြစ်သည် -

(က) **လိုင်စင်အား ဆိုင်းငံ့ခြင်းနှင့်ဖျက်သိမ်းခြင်းအပြင် တည်ဆဲဥပဒေများအရ အရေးယူသွားမည့် ကိစ္စများ**

(၁) လုပ်ငန်းဆောင်ရွက်ရာတွင် သင်္ဘောသားများထံမှ ငွေကြေး၊ ဥစ္စာပစ္စည်း၊ ဝန်ဆောင်မှု သို့မဟုတ် စရိတ်စကတစ်မျိုးမျိုးကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တောင်းယူခြင်း သို့မဟုတ် လက်ခံရယူခြင်း ဆောင်ရွက်ပါက ထုတ်ပေးထားသည့်လိုင်စင်အား ဖျက်သိမ်းခြင်းနှင့် မြန်မာကုန်သည်သင်္ဘောအက်ဥပဒေအရ တရားရုံးတွင် တရားစွဲဆိုအရေးယူခြင်း၊

(၂) သင်္ဘောသား၏ခံစားခွင့်ရှိသောလစာများကို ခိုင်လုံသည့်အကြောင်းပြချက်မရှိဘဲ သိမ်းဆည်းထားခြင်း၊ အပြည့်အဝထုတ်ပေးရန် ပျက်ကွက်ခြင်းတို့အပေါ် ဦးစီးဌာနက ဆုံးဖြတ်သည့် အတိုင်း လိုက်နာဆောင်ရွက်ခဲ့လျှင် ပထမအကြိမ်ဖြစ်ပါက လိုင်စင်အား ၃ လမှ ၆ လအထိ အသုံးပြုခွင့် ဆိုင်းငံ့ထားခြင်း၊ ဒုတိယအကြိမ်ဖြစ်ပါက လိုင်စင်အား ၆ လမှ ၁ နှစ်အထိ အသုံးပြုခွင့်ဆိုင်းငံ့ထားခြင်း၊ တတိယအကြိမ်ဖြစ်ပါက လိုင်စင်အား ဖျက်သိမ်းခြင်း၊ ဦးစီးဌာနက ဆုံးဖြတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ထုတ်ပေးထားသည့် လိုင်စင်အား ဖျက်သိမ်းခြင်းနှင့် တည်ဆဲဥပဒေများအရ တရားရုံးတွင် တရားစွဲဆို အရေးယူခြင်း၊

(၃) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းက သင်္ဘောပိုင်ရှင်ကိုယ်စား တာဝန်ယူကျခံပေးရမည့် ကုန်ကျစရိတ်များကို တာဝန်ထမ်းဆောင်သည့် သင်္ဘောသားက စိုက်ထုတ်ကျခံခဲ့ပါက အဆိုပါကုန်ကျစရိတ်များကို သက်ဆိုင်ရာသင်္ဘောသားသို့ သင်္ဘောသားကိုယ်စားလှယ် လုပ်ငန်းက ပြန်လည်ထုတ်ပေးရန် ပျက်ကွက်ခြင်းအပေါ် ဦးစီးဌာနက ဆုံးဖြတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ခဲ့လျှင် ပထမအကြိမ်ဖြစ်ပါက လိုင်စင်အား ၃ လမှ ၆ လအထိ အသုံးပြုခွင့်ဆိုင်းငံ့ထားခြင်း၊ ဒုတိယအကြိမ်ဖြစ်ပါက လိုင်စင်အား ၆ လမှ ၁ နှစ်အထိ အသုံးပြုခွင့်ဆိုင်းငံ့ထားခြင်း၊ တတိယအကြိမ်ဖြစ်ပါက လိုင်စင်အား ဖျက်သိမ်းခြင်း၊ ဦးစီး ဌာနက ဆုံးဖြတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ထုတ်ပေးထားသည့် လိုင်စင်အား ဖျက်သိမ်းခြင်းနှင့် တည်ဆဲဥပဒေများအရ တရားရုံးတွင် တရားစွဲဆို အရေး ယူခြင်း၊

(ခ) **လိုင်စင်အား ဖျက်သိမ်းခြင်း ဆောင်ရွက်သွားမည့်ကိစ္စများ**

(၁) လိုင်စင်လျှောက်ထားခြင်းနှင့် လိုင်စင်သက်တမ်းတိုးလျှောက်ထားခြင်းတို့တွင် မှန်ကန်မှု မရှိသည့် အချက်အလက်များဖြင့် ဦးစီးဌာနသို့ တင်ပြဆောင်ရွက်ခဲ့လျှင် ထုတ်ပေးထားသည့် လိုင်စင်အား ဖျက်သိမ်းခြင်း၊

(၂) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဂုဏ်သိက္ခာ (သို့မဟုတ်) သင်္ဘောသားများ၏ ကျန်းမာရေးနှင့် ကိုယ်ကျင့်တရားကို ထိခိုက်နစ်နာစေသော အလုပ်နေရာများတွင် သင်္ဘောသားများကို စေလွှတ်တာဝန်ထမ်းဆောင်စေပါက ထုတ်ပေးထားသည့်လိုင်စင်အား ဖျက်သိမ်းခြင်း၊

(၃) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် ဦးစီးဌာနက တရားဝင်ထုတ်ပေးထားသည့် လိုင်စင်ကို သက်ဆိုင်ခြင်းမရှိသူအား လွှဲပြောင်းပေးခြင်း၊ အသုံးပြုစေခြင်းများ ဆောင်ရွက် ပါက ထုတ်ပေးထားသည့်လိုင်စင်အား ဖျက်သိမ်းခြင်း။

(ဂ) **လိုင်စင်အား ဆိုင်းငံ့ခြင်းနှင့် ဖျက်သိမ်းခြင်း ဆောင်ရွက်သွားမည့်ကိစ္စများ**

(၁) ဤညွှန်ကြားချက်၏ အပိုဒ် (၁၀) အပိုဒ်ခွဲ (ဗ) အား ပျက်ကွက်ခြင်းအတွက် ပထမအကြိမ်ဖြစ်ပါက လိုင်စင်အား ၁ နှစ်မှ ၂ နှစ်အထိ အသုံးပြုခွင့်ဆိုင်းငံ့ထားခြင်း၊ ဒုတိယအကြိမ်ဖြစ်ပါက လိုင်စင်အား ဖျက်သိမ်းခြင်း၊

(၂) ခရီးသွားစာရွက်စာတမ်းများကို အတုပြုလုပ်ခြင်း၊ ပြောင်းလဲခြင်းများ ဆောင်ရွက်၍ တာဝန်ထမ်းဆောင်မည့် သင်္ဘောသားအား ဦးစီးဌာန၏ ထွက်ခွာခွင့်ပြုကြောင်း စာရရှိရန် မမှန်မကန်ဆောင်ရွက်၍ ဦးစီးဌာန၏ ခွင့်ပြုချက်ရထားခြင်းမရှိသည့် အခြားသင်္ဘောတစ်စီးသို့ စေလွှတ်တာဝန်ထမ်းဆောင်စေခြင်းအတွက် ပထမအကြိမ်ဖြစ်ပါက လိုင်စင်အား ၁ နှစ်မှ ၂ နှစ်အထိ အသုံးပြုခွင့်ဆိုင်းငံ့ထားခြင်း၊ ဒုတိယအကြိမ်ဖြစ်ပါက လိုင်စင်အား ဖျက်သိမ်းခြင်း၊

(၃) သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်နေရာချထားခြင်းဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ မမှန်မကန်ကြော်ငြာခြင်း၊ မှန်ကန်မှုမရှိသည့် သတင်းအချက်အလက်နှင့် စာရွက်စာတမ်းများ ဖြန့်ဝေခြင်း စသည်တို့ကို ဆောင်ရွက်ခြင်းတို့အတွက် ပထမအကြိမ်ဖြစ်ပါက လိုင်စင်အား ၃ လမှ ၆ လအထိ အသုံးပြုခွင့်ဆိုင်းငံ့ထားခြင်း၊ ဒုတိယအကြိမ်ဖြစ်ပါက လိုင်စင်အား ၆ လမှ ၁ နှစ်အထိ အသုံးပြုခွင့်ဆိုင်းငံ့ထားခြင်း၊ တတိယအကြိမ်ဖြစ်ပါက လိုင်စင်အား ဖျက်သိမ်းခြင်း၊

(၄) ဦးစီးဌာနက အတည်ပြုထားသည့် သဘောတူစာချုပ် (Agreement Contract) နှင့် အလုပ်အကိုင်စာချုပ် (Employment Contract) များကို အစားထိုးခြင်း ပြောင်းလဲခြင်းများ ဆောင်ရွက်၍ သင်္ဘောသားနှင့် စာချုပ်ချုပ်ဆိုခဲ့ခြင်းကြောင့် သင်္ဘောသားအား နစ်နာမှုဖြစ်ပေါ်စေခဲ့လျှင် ပထမအကြိမ်ဖြစ်ပါက လိုင်စင်အား ၃ လမှ ၆ လအထိ အသုံးပြုခွင့်ဆိုင်းငံ့ထားခြင်း၊ ဒုတိယအကြိမ်ဖြစ်ပါက လိုင်စင်အား ၆ လမှ ၁ နှစ်အထိ အသုံးပြုခွင့်ဆိုင်းငံ့ထားခြင်း၊ တတိယအကြိမ်ဖြစ်ပါက လိုင်စင်အား ဖျက်သိမ်းခြင်း၊

(၅) စုဆောင်း၊ တာဝန်ထမ်းဆောင်စေသည့် သင်္ဘောသား၏ မြန်မာနိုင်ငံကူးလက်မှတ်၊ လုပ်သက်မှတ်တမ်းစာအုပ်၊ ကျွမ်းကျင်မှုလက်မှတ်/တတ်ကျွမ်းမှုလက်မှတ်နှင့် သင်္ဘောသားပိုင်စာရွက်စာတမ်းနှင့် စာချုပ်များကို သိမ်းဆည်းထားခြင်း၊ ပြန်ပေးရန် ငြင်းဆိုခြင်းများ ဆောင်ရွက်ခဲ့လျှင် ပထမအကြိမ်ဖြစ်ပါက လိုင်စင်အား ၃ လမှ ၆ လအထိ အသုံးပြုခွင့်ဆိုင်းငံ့ထားခြင်း၊ ဒုတိယအကြိမ်ဖြစ်ပါက လိုင်စင်အား ၆ လမှ ၁ နှစ်အထိ အသုံးပြုခွင့်ဆိုင်းငံ့ထားခြင်း၊ တတိယအကြိမ်ဖြစ်ပါက လိုင်စင်အား ဖျက်သိမ်းခြင်း၊

(၆) ဦးစီးဌာနက အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်၊ ကြော်ငြာစာနှင့် ညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းအတွက် ပထမအကြိမ်ဖြစ်ပါက သတိပေးခြင်း၊ ဒုတိယအကြိမ်ဖြစ်ပါက လိုင်စင်အား ၃ လမှ ၆ လအထိ အသုံးပြုခွင့်ဆိုင်းငံ့ထားခြင်း၊ တတိယအကြိမ်ဖြစ်ပါက လိုင်စင်အား ဖျက်သိမ်းခြင်း၊

(၇) ဦးစီးဌာနသို့ တင်ပြရမည့် အစီရင်ခံစာများကို သတ်မှတ်ထားသည့်ကာလအတွင်း အချိန်မီတင်ပြရန် ပျက်ကွက်ခြင်းအတွက် ပထမအကြိမ်ဖြစ်ပါက သတိပေးခြင်း၊ ဒုတိယအကြိမ်ဖြစ်ပါက လိုင်စင်အား ၃ လမှ ၆ လအထိ အသုံးပြုခွင့်ဆိုင်းငံ့ထားခြင်း၊ တတိယအကြိမ်ဖြစ်ပါက လိုင်စင်အား ဖျက်သိမ်းခြင်း။

မောင်မောင်ဦး၊
ညွှန်ကြားရေးမှူးချုပ်၊
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန။

## အကောက်ခွန်ဦးစီးဌာန

ရန်ကုန်မြို့၊ ၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်
( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက် )

အမှတ် ၁။ ။ ပင်လယ်အကောက်ခွန်ဥပဒေပုဒ်မ ၁၁ (ဂ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် Myanmar Rice Trading Co., Ltd ကုမ္ပဏီလီမိတက်မှ ၂၀၁၂-၂၀၁၃ ခုနှစ်အတွက် ထုတ်လုပ်ခွင့်ရရှိထားသော သစ်မာတန် (၃၅၀၀၀) အား ပြည်ပသို့ တင်ပို့နိုင်ရန်အတွက် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ် လေညှာမာန်တိုင်မြို့နယ်ခွဲ Kisseraing Island အနီး Lat 11° 40′ 38.75″ (N), Long 98° 43′ 12.54″ (E) အား ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ သစ်တင်ဆိပ်ကမ်းအဖြစ် သက်တမ်းသတ်မှတ်ပေးလိုက်သည်။

ရန်ကုန်မြို့၊ ၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်
( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက် )

အမှတ် ၂။ ။ ပင်လယ်အကောက်ခွန်ဥပဒေပုဒ်မ ၁၁ (ဂ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် Nature Timber Trading Co., Ltd မှ ၂၀၁၂-၂၀၁၃ ခုနှစ်အတွက် ထုတ်လုပ်ခွင့်ရရှိထားသော သစ်မာသစ်လုံး တန် (၂၅၀၀၀) အား ပြည်ပသို့ တင်ပို့နိုင်ရန်အတွက် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ဆိပ်ကမ်းအား ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်မှ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ သစ်တင်ဆိပ်ကမ်းအဖြစ် သက်တမ်းသတ်မှတ်ပေးလိုက်သည်။

ရန်ကုန်မြို့၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်
( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )

အမှတ် ၃။ ။ ပင်လယ်အကောက်ခွန်ဥပဒေပုဒ်မ ၁၁ (ဂ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများတွင် လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများ လွယ်ကူစွာသယ်ယူပို့ဆောင်နိုင်ရေးအတွက် တနင်္သာရီတိုင်းဒေသကြီး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ထားဝယ်ဆိပ်ကမ်း N 1567895.693, E 400903.650 အား ရေနက်ဆိပ်ကမ်းစတင်သုံးစွဲနိုင်သည့်အချိန်အထိ ကုန်တင်ကုန်ချဆိပ်ကမ်းအဖြစ် ယာယီသတ်မှတ်ပေးလိုက်သည်။

ရန်ကုန်မြို့၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်
( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် )

အမှတ် ၄။ ။ ပင်လယ်အကောက်ခွန်ဥပဒေပုဒ်မ ၁၁ (ဂ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ဧရာအားမာန်ကုမ္ပဏီလီမိတက်မှ ထုတ်လုပ်ခွင့်ရရှိထားသည့် သစ်မာသစ်လုံးတန် (၃၀၀၀) ကို ပြည်ပသို့ တင်ပို့ရန် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ဆိပ်ကမ်းအား သစ်တင်ဆိပ်ကမ်းအဖြစ် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့အထိ သက်တမ်းသတ်မှတ်လိုက်သည်။

အမှတ် ၅။ ။ ပင်လယ်အကောက်ခွန်ဥပဒေပုဒ်မ ၁၁ (ဂ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် PAUNG LAUNG WOOD ENTERPRISE CO., LTD မှ ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် ထုတ်လုပ်ခွင့်ရရှိထားသော သစ်မာသစ်လုံး တန် (၃၀၀၀) အား ပြည်ပသို့ တင်ပို့နိုင်ရန်အတွက် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်နယ်ဆားကျွန်းအနီး Lat 12° 31.0′ (N), Long 98° 33.5′ (E) ကို သစ်တင်ဆိပ်ကမ်းအဖြစ် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်မှ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့အထိ သက်တမ်းသတ်မှတ်ပေးလိုက်သည်။

ရန်ကုန်မြို့၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်
( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် )

အမှတ် ၆ ။ ။ ပင်လယ်အကောက်ခွန်ဥပဒေပုဒ်မ ၁၁ (ဂ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းမှ ထုတ်လုပ်ခွင့်ရရှိထားသည့် သစ်မာသစ်လုံးတန် (၇၀၀၀) ကို ပြည်ပသို့ တင်ပို့ရန် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ် ဆားကျွန်းအနီး Lat 12° 31.0′ (N), Long 98° 33.5′ (E) အား သစ်တင်ဆိပ်ကမ်းအဖြစ် ၂၀၁၃ ခုနှစ်၊ မတ်လ ၁ ရက်မှ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့အထိ သက်တမ်းသတ်မှတ်လိုက်သည်။

ထွန်းသိန်း၊
ညွှန်ကြားရေးမှူးချုပ်၊
အကောက်ခွန်ဦးစီးဌာန။

**စီမံကိန်းရေးဆွဲရေးဦးစီးဌာန**
**အမိန့်ကြော်ငြာစာအမှတ် ၁၀၉/၂၀၁၃**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်
( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက် )

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူးများအား ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့ နံနက်ပိုင်းမှ စ၍ ၎င်းတို့၏အမည်များနှင့် ယှဉ်တွဲဖော်ပြထားသော စီမံကိန်းဦးစီးရုံးများသို့ ခရိုင်ဦးစီးမှူး ငွေထုတ်သူအရာရှိများအဖြစ် ပြောင်းရွှေ့တာဝန်ချထားလိုက်သည် -

| **စဉ်** | **အမည်** | **လက်ရှိတာဝန်ထမ်းဆောင်နေသည့်ရုံး** | **ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည့်ရုံး** |
|---|---|---|---|
| ၁။ | ဒေါ်ခင်မာဆွေ | ရှမ်းပြည်နယ်ရုံးခွဲ (ကျိုင်းတုံ) | ကျိုင်းတုံခရိုင် |
| ၂။ | ဦးမင်းသိမ်း | ကျိုင်းတုံခရိုင် | တာချီလိတ်ခရိုင် |

လဲ့လဲ့သိန်း၊
ညွှန်ကြားရေးမှူးချုပ်၊
စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်တမ်း


| ရန်ကုန်မြို့ | ၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်<br>( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် ) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

မြန်မာကုမ္ပဏီများအက်ဥပဒေနှင့်

**မြန်မာအမ်ဗွိုင်ဒရီစင်တာ လီမိတက်**

**(Myanmar Embroidery Center Limited)**

အလိုအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ရရန်ရှိသည့်ကြွေးများတောင်းခံရန်သတိပေးခြင်း

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည် -

၁။ ကုမ္ပဏီကို အလိုအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဒေါ်မာမာ ဖမ်မက်ဂရု(ပ်) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းရေးဆိုင်ရာကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်၊

၃။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၂၉-၉-၂၀၁၃) နေ့နောက်ဆုံးထား၍ ကုမ္ပဏီမှရရန်ရှိသောကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါနေ့ရက်နောက်ပိုင်းမှ တောင်းခံလာသောကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဦးဖျင်လျန်
မန်နေးဂျင်းဒါရိုက်တာ
မြန်မာအမ်ဗွိုင်ဒရီစင်တာ လီမိတက်

ဒေါ်မာမာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ဂရု(ပ်)
အမှတ် ၆၃၅ (အေ-၁)၊ အခန်း (ဘီ-၃)၊
ရိုးမရိပ်သာ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၂၃၀၄၃၄၉၊ ၅၂၃၃၂၇

## ရွှင်သာ ရတနာကုမ္ပဏီလီမိတက်
## SHWIN THAR TREASURE CO., LTD.
## အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၂၈) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ရွှင်သာ ရတနာကုမ္ပဏီလီမိတက် (SHWIN THAR TREASURE CO., LTD.)** အား (၂၈-၈-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးပြည့်စုံအောင်
Managing Director
Shwin Thar Treasure Co., Ltd.

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## ပီ၊ အိုင် သယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
## (P. I TRANSPORTATION CO., LTD.) အား
## (အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
## နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**"ပီ၊ အိုင် သယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်" (P. I TRANSPORTATION COMPANY LIMITED.)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် (၁၇၆) (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)

## အိုရီယွမ် ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်
## ORION GEMS CO., LTD.
## အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၂၈) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **အိုရီယွမ် ကျောက်မျက်ရတနာကုမ္ပဏီလီမိတက် (ORION GEMS CO., LTD.)** အား (၂၈-၈-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးပြည့်စုံအောင်
Managing Director
Orion Gems Co., Ltd.

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## တီ အင်(န်) ဒဗလျူ ဂရု(ပ်) ကုမ္ပဏီလီမိတက်
## (T N W GROUP COMPANY LIMITED) အား
## (အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
## နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**"တီ အင်(န်) ဒဗလျူ ဂရု(ပ်) ကုမ္ပဏီလီမိတက်" (TNW GROUP COMPANY LIMITED.)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ မွန်းလွဲ (၁း၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် (၁၇၆) (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)

## လိုက်(ထ်) ရိန်း ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်
## LIGHT RAIN GEMS CO., LTD.
## အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၂၈) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **လိုက်(ထ်) ရိန်း ကျောက်မျက်ရတနာကုမ္ပဏီလီမိတက် (LIGHT RAIN GEMS CO., LTD.)** အား (၂၈-၈-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးပြည့်စုံအောင်
Director
Light Rain Gems Co., Ltd.

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## BIRD'S NEST CO., LTD.

(ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င)

**BIRD'S NEST CO., LTD.** ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် နောက်ဆုံးအစည်းအဝေးကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င) အရ အမှတ်-၁၄၆၊ အခန်းအမှတ်-၄ (B)၊ အင်းစိန်လမ်းမကြီး၊ ၉-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၌ (၃၀-၉-၂၀၁၃) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

ဦးချန္ဒရာ
အထက်တန်းရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
BIRD'S NEST CO., LTD.

## BIRD'S NEST TRAVELS & TOURS CO., LTD.

(ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င)

**BIRD'S NEST TRAVELS & TOURS CO., LTD.** ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် နောက်ဆုံးအစည်းအဝေးကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င) အရ အမှတ် (၇၉၀၊ # ၁၁၁)၊ မြေညီထပ်၊ ဓနသီဟစင်တာ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဝါးတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၌ (၃၀-၉-၂၀၁၃) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

ဦးချန္ဒရာ<br>
အထက်တန်းရှေ့နေ<br>
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ<br>
BIRD'S NEST TRAVELS & TOURS CO., LTD.

## T Y W & ASSOCIATE CO., LTD.

ဖျက်သိမ်းရန်ကြေညာချက်

၁။ **T Y W & ASSOCIATE CO., LTD.** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၂၈-၈-၂၀၁၃) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၅၀၊ ပထမထပ်၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ **ဦးချန္ဒရာ [B.Sc., H.G.P., M.A (Business Law)]** (အထက်တန်းရှေ့နေ) [၁၂/သကတ (နိုင်) ၁၁၈၄၉၃] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

Daw Thant Yin Win<br>
Managing Director<br>
T Y W & ASSOCIATE CO., LTD.

ဦးချန္ဒရာ<br>
အထက်တန်းရှေ့နေ<br>
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်းကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **Green World Golden Myanmar Co., Ltd** အား (၂၇-၈-၂၀၁၃) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ဦးကျော်ညွန့် မှတ်ပုံတင်စာရင်းကိုင်အမှတ် (၁၅၆)၊ အမှတ် ၁၁ (အေ/ဘီ)၊ ဟံသာဝတီလမ်း၊ အခွန်လွတ်ဈေးရှေ့၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်ရှိနှင့်ပေးရန်ရှိသည်များကို အစုရှယ်ယာရှင်များမှ သတ်မှတ်ထားသော (၃၀-၉-၂၀၁၃) ရက်ထက် နောက်မကျစေဘဲ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးသန်းကြွယ်ဦး
မန်နေးဂျင်းဒါရိုက်တာ

ဦးကျော်ညွန့်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**အစိမ်းရောင်စွမ်းအားစု ခရီးသွားကုမ္ပဏီလီမိတက်**
**(GREEN ALMIGHTY TRAVELS & TOURS CO., LTD)**
ကုမ္ပဏီ တရားဝင်ဖျက်သိမ်းခြင်း

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၁၆) နေ့တွင် ကျင်းပသော အစုရှင်များ၊ ဒါရိုက်တာများအားလုံး တက်ရောက်သည့် အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **"အစိမ်းရောင်စွမ်းအားစု ခရီးသွားကုမ္ပဏီ လီမိတက်" (GREEN ALMIGHTY TRAVELS & TOURS CO., LTD)** အား ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၁၆) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဆန်းထွန်း (ဘီအေ၊ စီပီအေ၊ အက်ဖ်ဘီအက်စ်အေ) လက်မှတ်ရပြည်သူ့စာရင်းကိုင် (စာရင်းစစ်) အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီနှင့်ပတ်သက်၍ ရရန်ရှိသူများ၊ ပေးရန်ရှိသူများအားလုံးသည် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံနိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဆန်းထွန်း
(ဘီအေ၊ စီပီအေ၊ အက်ဖ်ဘီအက်စ်အေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း - ၀၉-၅၀၈၅၉၈၆

ပ၊ စ၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၀၀/၃၀-၈-၂၀၁၃။